# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေနှင့် ထွက်ငွေ မျှတရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်မည်သည့်စီမံကိန်းကိုမဆို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်သည့် ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝစေရေး မှန်မှန်ကန်ကန် သုံးသပ်ဆောင်ရွက်ရမည်

**နေပြည်တော် မတ် ၂၁**

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊

*စာမျက်နှာ ၃ ကော်လံ ၁ ➔*

# ရေနှင့် ကျန်းမာသန့်ရှင်းမှု တိုးတက်ကောင်းမွန်စေရေး

ကမ္ဘာ့ရေနေ့ (World Water Day) ကို ၁၉၉၃ ခုနှစ်မှ စတင်ကာ နှစ်စဉ် မတ်လ ၂၂ ရက်နေ့တိုင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပခဲ့ကြသည်။ ရေသယံဇာတထိန်းသိမ်းရေး၊ ရေအခက်အခဲ မကျရောက်စေရေး၊ ရေကို စနစ်တကျသုံးစွဲကြစေရေး၊ သန့်ရှင်းသည့် သောက်သုံးရေနှင့် မိလ္လာစနစ်တို့ မရရှိသူများအတွက် အလေးထားဖြေရှင်းပေးရေးနှင့် ရေ၏ အရေးပါမှုကို လူသားတို့ ဂရုပြုလာကြစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ကမ္ဘာ့ရေနေ့သည် မြန်မာနိုင်ငံအဖို့လည်း ပူပြင်းခြောက်သွေ့သည့် ရာသီတွင် ကျရောက်နေပြီး မြစ်ချောင်းအင်းအိုင် ရေတွင်းရေကန်များတွင် ရေနည်းပါးသည့်ကာလ၊ ရေခန်းခြောက်သည့်ကာလဖြစ်သည်။

မိမိတို့နိုင်ငံသည် ရေအရင်းအမြစ် ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး အဓိကမြစ်ကြီးလေးစင်းနှင့် မြစ်ချောင်းများစွာတို့ ဒေသအနှံ့အပြားတွင် စီးဆင်းနေကြသော်လည်း ‘ရွှေကို မလို၊ ငွေကို မလို၊ ရေကိုသာလိုသည်’ ဆိုသည့် ဒေသများစွာလည်း ရှိနေကြသည်။ မိုးရာသီလအနည်းငယ်မှလွဲ၍ ကျန်သည့် ရာသီများအားလုံးတွင် ပရဟိတရေလှူနေကြရသည့် နေရာများကိုလည်း တွေ့ရသည်။ သန့်ရှင်းသောသောက်သုံးရေသည် လူတို့၏ကျန်းမာရေးနှင့် သန့်ရှင်းရေးအတွက် မရှိမဖြစ်အရေးကြီးသည့်အလျောက် လူတိုင်းသန့်ရှင်းသော သောက်သုံးရေကို လက်လှမ်းတမီလွယ်ကူစွာ သုံးစွဲခွင့်ရရှိနိုင်ဖို့ လိုသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများအတွက် ကုလသမဂ္ဂက ချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သော “စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ” တွင်လည်း “လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး” ကို ပန်းတိုင် (၆) အဖြစ် ချမှတ်ထားသည်။

ကမ္ဘာတစ်ခွင်ကို ကြည့်မည်ဆိုလျှင် သန်းထောင်ပေါင်းများစွာသော ပြည်သူများ၊ မရေတွက်နိုင်လောက်အောင်များပြားလှသည့် စာသင်ကျောင်းများ၊ စီးပွားရေးလုပ်ငန်းခွင်များ၊ ဆေးကုသရာနေရာ ဆေးရုံ ဆေးခန်းများ၊ စိုက်ပျိုးမွေးမြူ လယ်ယာများ၊ ကုန်ထုတ်လုပ်သည့် အလုပ်ရုံများစသည့်နေရာများတွင် သန့်ရှင်းသော သောက်သုံးရေနှင့် သန့်စင်ခန်းများ၊ မိလ္လာစနစ်များ လိုအပ်နေကြသည်။ ယင်းသို့သော အခြေအနေကို မြန်မြန်ဆန်ဆန် ပြောင်းလဲနိုင်ရန်အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်သွားရန် လိုအပ်သည့်အားလျော်စွာ ယခုနှစ် ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်ကို “ရေနှင့် ကျန်းမာသန့်ရှင်းမှု တိုးတက်ကောင်းမွန်ရေး၊ အားလုံးအရှိန်အဟုန်မြှင့် ရှေ့သို့ကြိုးပမ်းပါဝင်ဆောင်ရွက်ပေး ” ဟူ၍ ချမှတ်ထားသည်။

ကမ္ဘာ့မျက်နှာပြင်အများစုကို ပင်လယ်သမုဒ္ဒရာများကဖုံးလွှမ်းထားသော်လည်း လူသားတို့ အသက်ရှင်သန်ရေးအတွက် လိုအပ်သည့် ရေချိုမှာမူ အဖိုးတန်သယံဇာတတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေချိုအရင်းအမြစ်များကြွယ်ဝသည်ဆိုစေကာမူ လူတို့၏ ပယောဂများစွာတို့ကြောင့် ရေချိုအရင်းအမြစ်များစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေသည်ကို အလေးအနက်ထားရန် လိုအပ်နေပြီဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် အားထားနေရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေအရင်းအမြစ်များ မပျက်စီး မဆုံးရှုံးစေရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေများကို အလဟဿ လေလွင့်ပြုန်းတီးမှုမဖြစ်စေရေးနှင့် စနစ်တကျသုံးစွဲရေး၊ ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲရေးတို့တွင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အစိုးရ ဓမ္မာစရိယစာမေးပွဲ (ပထမနေ့) ကျင်းပ

နေပြည်တော် မတ် ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပထမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့တွင် စာဖြေစာရင်းသွင်း ၁၅၈၆၄ ပါး/ဦးအနက် ၁၃၂၃၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၄၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၁



(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းစုစုပေါင်း (၈၈) ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သွေးပေါင်ချိန် စစ်ဆေးခြင်းနှင့် လိုအပ်သည့် စစ်ဆေးမှုများ ခံယူကြပြီး သတ်မှတ်နေရာများ၌ စုပေါင်း သွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက်အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

## (၇၈) နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၁

(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲကွပ်ကဲမှုအဖွဲ့၊ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းကိုဦး ဦးစီး၍ အရာရှိ၊ တပ်ဖွဲ့ဝင် စုစုပေါင်း ၃၀ သည် ယနေ့နံနက်ပိုင်းက လောက်ကိုင်မြို့ အမှတ် (၁၄) ခုတင် (၁၀၀) တပ်မတော်စစ်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြရာ ဗိုလ်မှူးလှမြင့်သိန်း (ရောဂါဗေဒပါရဂူ) က ရဲတပ်ဖွဲ့ဝင်များကို သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။



အဆိုပါသွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များကို ဗိုလ်မှူး လှမြင့်သိန်းက အားဖြည့်ဓာတ်စာများ ပြန်လည်ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ရဲပြန်ကြား

## ■ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ၆ လ စီမံကိန်းအကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းပထမ ၆ လ အကောင်အထည်ဖော်မှုတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း ပြန်လည်တိုးတက်ရရှိလာသည်ကိုတွေ့ရ၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ယာယီခန့်မှန်းခြေစာရင်းအရ တစ်နှစ်လုံးအတွက် တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိလာနိုင်သည်ဟု သက်ဆိုင်ရာဌာနများက ခန့်မှန်းထား

❍ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးသည့်နောက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ဘဏ္ဍာရေးနှစ်ကာလ ပြောင်းလဲခဲ့ပြီး ကြားကာလ ၆ လ စီမံကိန်းနှင့် ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတို့ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခုလက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်အပြည့်ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ပါကြောင်း။

### ၃ ဒသမ ၄ ရာခိုင်နှုန်း ပြန်လည်တိုးတက်ရရှိလာသည်ကို တွေ့ရ

၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ၆ လ စီမံကိန်းအကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းပထမ ၆ လ အကောင်အထည်ဖော်မှုတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း ပြန်လည်တိုးတက်ရရှိလာသည်ကို တွေ့ရပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ယာယီခန့်မှန်းခြေစာရင်းအရ တစ်နှစ်လုံးအတွက် တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိလာနိုင်သည်ဟု သက်ဆိုင်ရာဌာနများက ခန့်မှန်းထားပါကြောင်း။

### စွမ်းအားပြည့်လည်ပတ်နိုင်ရေးသည် အရေးကြီး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးတက်မှ စားရေရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သွင်းကုန်လျှော့ချနိုင်ပြီး ပို့ကုန်တင်ပို့မှုလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် တိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျေးလက်အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် သမားရိုးကျဆောင်ရွက်နေသည့်ပုံစံမှ ခေတ်မီနည်းစနစ်များဖြင့် သွင်းအားစုများကို ထိရောက်စွာ အသုံးပြုပြီး အထွက်တိုးအောင်ကြိုးစားကြရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် အလားအလာကောင်းသည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြင့်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်မည်

မိမိတို့နိုင်ငံ၌ မြို့ပြနေလူဦးရေ ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ လူအများစုနေထိုင်ကြသည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြနှင့် ကျေးလက်ကွာဟချက်များ လျော့ကျလာနိုင်မည်ဖြစ်သည့်အပြင် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နေရာဒေသမရွေး တစ်ဦးတစ်ယောက်မှ နောက်ကျမကျန်စေရေးအတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အဓိကအထောက်အကူဖြစ်စေသည့် နေကြာစိုက်ပျိုးမှုကို ရည်မှန်းချက်အတိုင်း အောင်မြင်စေရေးကို ဆက်လက်ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ မိုးနှင့်ဆောင်းနေကြာစိုက်ပျိုးမှုများမှ အခက်အခဲနှင့်အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ပြည်တွင်းစားသုံးမှုဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ချိန်အတိုင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများပြီးပြတ်စေရေးကို အားလုံးက အထူးအလေးထားပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာနေသည့် ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံးပြီးစီးမှသာ လျှပ်စစ်လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုများကိုလည်း သတ်မှတ်ချိန်အတိုင်း ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ပြည်ပမှ မှာယူတင်သွင်းနေရသည့် သံ၊ သံမဏိ၊ ဓာတ်မြေသြဇာ စသည့်ကုန်စည်များကို ပြည်တွင်း၌ရှိသည့်စက်ရုံများက ရည်မှန်းချက်အတိုင်း ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများက ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေး ပြည့်မီစေရေးကိုလည်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်ရေးအတွက် အားပေးကူညီရမည်ဖြစ်ပါကြောင်း။

### ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို နည်းလမ်းမျိုးစုံနှင့်ဖိတ်ခေါ်

နိုင်ငံတော်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နည်းလမ်းမျိုးစုံနှင့် ဖိတ်ခေါ်ပြီး ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့် အခြေခံအဆောက်အအုံများ ရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသတစ်ခုနှင့်တစ်ခုကြား ဆက်သွယ်မှု လွယ်ကူမြန်ဆန်ပြီး ဒေသတွင်းနှင့် ဒေသများကြား ကွာဟချက်များကို လျော့ချနိုင်မည်ဖြစ်သည့်အတွက် စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် လိုအပ်ပါကြောင်း။

### လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်

အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီရေး၊ မျှော်မှန်းသက်တမ်းမြင့်မားရေး၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးနှုန်း ကျဆင်းရေး၊ ကူးစက်ရောဂါနှင့် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများကြောင့် သေဆုံးမှုများ လျှော့ချနိုင်ရေးကို ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာရေးအသိ တိုးမြင့်လာပြီး ကျန်းမာသည့် လူနေမှုစနစ်နှင့်အညီ နေထိုင်နိုင်မှသာ ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူတိုင်းကိုယ်စီအသိနှင့် ဆောင်ရွက်သွားရန် လိုမည်ဖြစ်သကဲ့သို့ ကျန်းမာရေးအသိပညာပေးမှုများလည်း ဆက်လက်တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်ခွင့်ပြုပေးထား

ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ ဆရာမများ၏ နေထိုင်မှုအဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုများ၊ ကျန်းမာရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ပေးထားပြီး ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း။

ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေးနှင့် နိုင်ငံတော်၏ဂုဏ်ကိုဆောင်သည့် အားကစားကဏ္ဍ မြှင့်တင်ရေးတို့အတွက် နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီဘောလုံးအားကစားကွင်းများ၊ မိုးလုံလေလုံအားကစားကွင်းများ၊ ပြေးလမ်းများ၊ ရေကူးကန်များ တည်ဆောက်ပေးလျက်ရှိပါကြောင်း။

### ပညာရေးအသုံးစရိတ်များကိုလည်း တိုးမြှင့်ခွင့်ပြုပေးထား

ပညာရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပညာရည်အဆင့်နိမ့်ကျမှုမရှိစေရေးနှင့် လူတိုင်းသင်ယူနိုင်မှု အခွင့်အလမ်းများရရှိစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်အချိန်မှစပြီး KG + 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် KG + 9 နှင့် KG + 12 ကျောင်းဆောင်အသစ်များ တည်ဆောက်ခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင်များ ပြန်လည်ဆောက်လုပ်ခြင်း၊ စာသင်ခန်းများ လုံလောက်စေရန် တိုးချဲ့ဆောက်လုပ်ခြင်း စသည့်တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပညာရေးအသုံးစရိတ်များကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း။

### ပညာသင်ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုပေးထား

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သည့်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ယခုအခါ ခရိုင် ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း ၅၁ ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် စာသင်ဆောင်နှင့် လက်တွေ့သင်ကြားရေးဆောင်များကိုလည်း တည်ဆောက်ရန် ခွင့်ပြုထားပါကြောင်း၊ လုပ်ငန်းခွင်နှင့်ချိတ်ဆက်သည့် အလုပ်အာမခံချက်ရရှိရေးနှင့် ထူးချွန်ထက်မြက်သူများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေးတို့ကို စီစဉ်ပေးထားသည့်အပြင် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုပေးထားပါကြောင်း။

*စာမျက်နှာ ၄ သို့*

**“စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ချိန်အတိုင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးသည် အရေးကြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများပြီးပြတ်စေရေးကို အားလုံးကအထူးအလေးထားပြီး ဆောင်ရွက်ကြရန်လို၊ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာနေသည့် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံးပြီးစီးမှသာ လျှပ်စစ်လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်မည်ဖြစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုများကိုလည်း သတ်မှတ်ချိန်အတိုင်း ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို”**

# မိမိအနေဖြင့် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများသို့ ဘဏ္ဍာငွေကျပ် ဘီလီယံ ၄၀၀ ပေးအပ်ခဲ့၊ အဓိကအားဖြင့် ဒေသခံပြည်သူလူထုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာလတိုအတွင်း ငွေပြန်ပေါ်နိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော နေကြာ၊ ပဲတီစိမ်းနှင့် နှမ်းစပါး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ပေးခြင်းဖြစ်

*စာမျက်နှာ ၃ မှ*

ပညာတက်ရောက်သင်ယူမှုနှင့် ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ တဖြည်းဖြည်း လျော့ကျလာသည်ကို တွေ့ရပါကြောင်း၊ အဆိုပါသန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ ၁၄ နှစ်နှင့် ၁၅ နှစ်ကြားအုပ်စုတွင် ၇၆ ရာခိုင်နှုန်း၊ ၁၅ နှစ်နှင့် ၂၄ နှစ်ကြားအုပ်စုတွင် ၃၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၅ နှစ်နှင့်အထက် အုပ်စုတွင် သုည ဒသမ ၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုပါအချက်မှာ အနာဂတ်တွင် နိုင်ငံအတွက် ကောင်းမွန်သည့် အလားအလာမဟုတ်သည့်အတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေနှုန်းတိုးမြှင့်စေရေးနှင့် ကျောင်းထွက်နှုန်းကျဆင်းရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်တွင် အသိပညာ၊ အတတ်ပညာများ ပြည့်ဝစေရေးအတွက် ဘဝတစ်သက်တာ ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို လူတိုင်းလက်လှမ်းမီ ရရှိခံစားနိုင်ရေး၊ အရေအတွက်သာမက အရည်အချင်းနှင့် ပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရေးနှင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားများကိုယ်တိုင်က လေ့လာသင်ယူလိုစိတ် ပြင်းပြကြရမည်ဖြစ်ပြီး မိဘ၊ ဆရာနှင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တစ်ကမ္ဘာလုံး၌ ကြုံတွေ့နေရသည့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆိုးရွားသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိလာပြီး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သစ်တောနှင့် သစ်ပင်များ အမြဲရှင်သန်စေရေးနှင့် သစ်တောဖုံးလွှမ်းမှုဧရိယာများ တိုးတက်လာစေရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးရမည်**

ကမ္ဘာ့နိုင်ငံများအနေဖြင့် လာမည့်ကာလများတွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စွန့်စားရမှု (Risk) ဖြစ်နိုင်ခြေများပြားနိုင်သည်ကို ဖော်ထုတ်ထားခြင်းကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ကြိုတင်အစီအမံများကို စနစ်တကျ ရေးဆွဲထားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်များကို ကျေးလက်ဒေသရှိ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိစေရေးနှင့် ထိခိုက်လွယ်သည့် အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် တစ်ကမ္ဘာလုံးတွင် လောင်စာဆီစျေးနှုန်းမြင့်တက်မှု၊ အဆိုပါအချက်နှင့် ဆက်စပ်ပြီး ဖြစ်နေသည့် ကုန်စျေးနှုန်းကြီးမြင့်မှု၊ အတိုးနှုန်းပြောင်းလဲမှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေများကြောင့် ကြွေးမြီမြင့်တက်လာပြီး ပြည်တွင်းသုံးငွေကြေးတန်ဖိုး ကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အကျိုးဆက်များအနေဖြင့် ကမ္ဘာ့နိုင်ငံအချို့တွင် စားနပ်ရိက္ခာမဖူလုံမှု၊ လောင်စာဆီပြတ်လပ်မှုစသည့်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

**ကာဗွန်ကင်းစင်သည့် ပတ်ဝန်းကျင် ရောက်ရှိရေးကို အထောက်အကူပြုနိုင်မည်**

ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် ထားရှိဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချနိုင်ရေးနှင့် ထိရောက်သည့် စွမ်းအင်သုံးစွဲမှုစနစ်ဖြစ်စေရေးကိုလည်း လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်တင်သွင်းမှုနှင့် သုံးစွဲမှုများကို ရေ့ပြေးစီမံချက်အနေဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိရာ စီမံချက်ရေရှည်တည်တံ့ရေးနှင့် တိုးတက်မှုရရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လောင်စာဆီသုံးစွဲမှုကို ထိရောက်စွာ လျှော့ချနိုင်ပြီး ကာဗွန်ကင်းစင်သည့် ပတ်ဝန်းကျင်ရောက်ရှိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ဆဲလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ အဖြစ်နိုင်ဆုံး အမြန်ပြီးစီးရေး၊ ဒေသအလိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ကျယ်ပြန့်စွာဆောင်ရွက်မှုတို့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လျှော့ချရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နေရောင်ခြည်စွမ်းအား၊ လေစွမ်းအားသုံးလျှပ်စစ်စီမံကိန်းများ၊ နည်းပညာမြင့်မားသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးလုပ်ငန်းများ၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**“လောင်စာဆီသုံးစွဲမှုလျှော့ချနိုင်ရေးနှင့် ထိရောက်သည့် စွမ်းအင်သုံးစွဲမှုစနစ်ဖြစ်စေရေးကိုလည်း လမ်းညွှန်ထားပြီးဖြစ်၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကြီးကြပ်ဆောင်ရွက်၊ လျှပ်စစ်မော်တော်ယာဉ်တင်သွင်းမှုနှင့် သုံးစွဲမှုများကို ရှေ့ပြေးစီမံချက်အနေဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိရာ စီမံချက်ရေရှည်တည်တံ့ရေးနှင့် တိုးတက်မှုရရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းရမည်၊ သို့မှသာ လောင်စာဆီသုံးစွဲမှုကို ထိရောက်စွာလျှော့ချနိုင်ပြီး ကာဗွန်ကင်းစင်သည့် ပတ်ဝန်းကျင်ရောက်ရှိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၊ လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ဆဲလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ အဖြစ်နိုင်ဆုံး အမြန်ပြီးစီးရေး၊ ဒေသအလိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ကျယ်ပြန့်စွာဆောင်ရွက်မှုတို့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လျှော့ချရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နေရောင်ခြည်စွမ်းအား၊ လေစွမ်းအားသုံးလျှပ်စစ်စီမံကိန်းများ၊ နည်းပညာမြင့်မားသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးလုပ်ငန်းများ၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်သွားရမည်”**

**ဘဏ္ဍာငွေသုံးစွဲမှုတို့ကို စနစ်တကျဆောင်ရွက်ရမည်**

အဆိုပါလုပ်ငန်းစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အမြဲစောင့်ကြည့်သုံးသပ်ပြီး စီမံကိန်းရည်မှန်းထားသည့်အတိုင်း ပြီးစီးမှု၊ ဘဏ္ဍာငွေသုံးစွဲမှုတို့ကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကြောင့်ရရှိသည့် အကျိုးရလဒ်များကို ပြည်သူများ အမြန်ဆုံးရရှိခံစားနိုင်စေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အခုထက် ပိုမိုကြိုးပမ်း**

နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို အောင်မြင်အောင် လက်တွေ့အလုပ်နှင့် သက်သေပြနိုင်ရေးကို အခုထက် ပိုမိုကြိုးပမ်းရမည်ဖြစ်သည့်အပြင် လုပ်ဆောင်ချက်များအားလုံး ရေရှည်တည်တံ့စေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ဆောင်မှုအားလုံးကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆောင်ရွက်မှုအားလုံးကိုလည်း စနစ်တကျမှတ်တမ်းများထားရှိရမည် ဖြစ်ပါကြောင်း။

ယနေ့တင်ပြမည့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၁၂ ရပ်တို့နှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း တွေ့ရပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ ပုံမှန်သုံးသပ်ပြီး ရလဒ်များပြည့်မီရေးကို ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်း အချိန်မီပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် အစီရင်ခံမှုအားကောင်းစေရေးကိုလည်း ယခုထက် ပိုမိုအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ချမှတ်ထားသည့်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အမြဲသုံးသပ်စိစစ်ပြီး လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်း (Plan, Do, Check, Act– PDCA)ဆိုတဲ့အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို တက်ညီလက်ညီစိစစ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ကိုဗစ်–၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

**ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်း**

ထို့ကြောင့် မိမိတို့မျှော်မှန်းထားသည့် ပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ဦးတည်ပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် ရေရှည်ဖွံ့ဖြိုးမှုရရှိစေရန် ရည်ရွယ်ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများအချိန်မီပြီးစီးရေး၊ လုပ်ငန်းပြီးစီးမှုပမာဏနှင့်ညီမျှသည့် ငွေကြေးသုံးစွဲမှုများဖြစ်စေရေး၊ ဆောင်ရွက်ဆဲလုပ်ငန်းများ ပြီးပြတ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကန့်အသတ်ဖြစ်နေသည့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေသုံးစွဲခြင်းဖြစ်သည့်အတွက် ထိထိရောက်ရောက် အကျိုးရှိစွာအသုံးပြုနိုင်ရေး ဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် စီမံကိန်းမှရလဒ်ကောင်းများရရှိရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်မှပံ့ပိုးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ၊ စီမံကိန်းများအတွက် ခွင့်ပြုထားသည့် ဘဏ္ဍာငွေအရင်းအမြစ်များဖြင့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း) ရေးဆွဲထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ယခင်ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်မှတ်တမ်းများအပေါ် သုံးသပ်အကြံပြုချက်နှင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စစ်ဆေးဆောင်ရွက်သွားမည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

၂၀၂၂-၂၀၂၃ အမျိုးသားစီမံကိန်းကို ပြန်ကြည့်ပါက လျာထားချက်များမပြည့်မီသည်ကို တွေ့ရကြောင်း၊ မိမိအနေဖြင့် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများသို့ ဘဏ္ဍာငွေကျပ်ဘီလီယံ ၄၀၀ ပေးအပ်ခဲ့ပါကြောင်း၊ အဓိကအားဖြင့် ဒေသခံပြည်သူလူထုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာလတိုအတွင်း ငွေပြန်ပေါ်နိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော နေကြာ၊ ပဲတီစိမ်းနှင့် နှမ်းစပါး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ပေးခြင်းဖြစ်ကြောင်း၊ တစ်နေရာနှင့်တစ်နေရာ အခြေအနေချင်း မတူညီသော်လည်း နည်းလမ်းများရှာကြံ၍ လျာထားချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်များကို လက်တွေ့အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် အမှန်တကယ်တိုးတက်အောင် စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**သေသေချာချာ စိစစ်သုံးသပ်ဆောင်ရွက်ရမည်**

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေကို သုံးသပ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို သေသေချာချာ စိစစ်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပြည်သူများအတွက် အကျိုးရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားရမည်**

ယခုနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော်မှုကို ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုအပ်ပြီး အကြောင်းအမျိုးမျိုးကြောင့် မပြီးပြတ်ခဲ့ပါက ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ဘဏ္ဍာငွေကို စနစ်တကျ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင်လည်း အမှန်ဆောင်ရွက်နိုင်မည့် ပမာဏကိုချိန်ညှိကာ စီမံကိန်းတွင်ရေးဆွဲပြီး ဘဏ္ဍာငွေတောင်းခံရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်ရာတွင်လည်း ဖြစ်မြောက်နိုင်စွမ်းကိုလေ့လာပြီး စီးပွားရေးအရတွက်ခြေကိုက်မှုရှိစေရေးနှင့် ပြည်သူများအတွက် အကျိုးရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဥပဒေကိုမပြဋ္ဌာန်းမီ ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြည့်စုံစေရေးကို ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလအတွင်းတွင်လည်း စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းစဉ်များ အားကောင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် ဒေသအလိုက် အဓိကအားသာချက်ရှိသည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးရာတွင် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီစေရေးကို အလေးထားဆောင်ရွက်ရေးနှင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထွက်ခွာမှုများ လျော့နည်းလာမည်**

အသေချာဆုံးသော စီးပွားရေးမြှင့်တင်မှုသည် အခြေခံခိုင်မာပြီးဖြစ်သည့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုတို့ဖြစ်ကြောင်း၊ ဒေသများကရရှိနိုင်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး ကုန်ချောထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးမည့်ဌာနများနှင့် သုတေသနဌာနများ အချိတ်အဆက်မိမိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်နည်းပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဆိုပါက ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြခြင်းနှင့် ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထွက်ခွာမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း။

**တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်ရမည်**

ပြည်သူများ အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေနှင့် ထွက်ငွေမျှတရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ မည်သည့်စီမံကိန်းကိုမဆို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်သည့် ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝစေရေး မှန်မှန်ကန်ကန် သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ပြီး တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအတည်ပြုမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ လုပ်ငန်းများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးပါက သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်အောင် ပိုမိုကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



◆ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် ပန်းဝင်ကြသော အားကစားသမားများအား ငွေသားဆုများ ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **အာကာစိုး**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့ အမှတ်(၂) ရပ်ကွက်ရှိ နောင်ကျောက်လမ်း ကွန်ကရစ်လမ်းဖွင့်

**နေပြည်တော် မတ် ၂၁**

(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် နောင်ကျောက်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် နောင်တုံကုမ္ပဏီက တာဝန်ရှိသူတစ်ဦးက နောင်ကျောက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက ကွန်ကရစ်လမ်း အလှူရှင်ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး အလှူရှင်က နောင်ကျောက်လမ်းဆိုင်ရာ အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည် ပေ ၁၉၅၀ ၊ အကျယ် ပေ ၃၀ ၊ ထု ၉ လက်မရှိပြီး ကွန်ကရစ်လမ်း အမျိုးအစားဖြစ်ကာ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၅၅၈၉ သိန်းကျော်ဖြင့် ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရွှေတောင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်

**ရွှေတောင် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုအရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ လစဉ်ပုံမှန် ၂၁ ရက်မှ ၂၂ အထိ နှစ်ရက်တာ ပြုလုပ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွှေတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာ အောင်မျိုးသန့် ဦးဆောင်မှုဖြင့် တာဝန်ကျ ဆရာဝန်များနှင့် ဝန်ထမ်းများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများနှင့် အခြားလိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို လစဉ် ၂၁ ရက်နှင့် ၂၂ ရက်များတွင် ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။(ဝဲပုံ)



အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများကို လစဉ်ပုံမှန်၂၁ ရက်မှ ၂၂ အထိ ဆောင်ရွက်ရာတွင် လစဉ်ပုံမှန် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း(ပြန် /ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၂၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဗန်းမော်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ပူတာအိုမြို့၊ ကသာမြို့နှင့် ကလေးဝမြို့တွင် ၀ ဒသမ ၆၇လက်မစီ၊ ရွှေကူမြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် ဘူးသီးတောင်မြို့တွင် ၀ ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့လျာထားသည့်ရငွေများကို ပြည့်ပြည့်ဝဝရရှိမှသာ မိမိတို့လျာထားသည့် အသုံးစရိတ်များကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်

**နေပြည်တော် မတ် ၂၁**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၁/၂၀၂၃) သည် **"၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း" "ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့"** ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်ပေးပို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်တို့ကိုချမှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်သည် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက် (၁၂) ရပ်တို့ကိုဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးလျာထားချက်များဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း။

အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၄) ရပ်ဖြစ်သည့် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" "ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း ( MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး" "တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး"** တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ကြီးဌာနအသီးသီးက ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံးစရိတ်များ သတ်မှတ်သုံးစွဲကြရမည်ဖြစ်ပါကြောင်း။

ဌာန၊ အဖွဲ့အစည်းများက ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းများ လျာထားရာတွင် အမှန်အကောင်အထည်ဖော်နိုင်မှုနီးစပ်အောင် လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ လျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုနိုင်မည့် လုပ်ငန်းများနှင့် ပြည်သူ့လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် အသုံးစရိတ်များကို ဦးစားပေးလျာထားသုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ်တကျ စိစိစစ်စစ်သုံးစွဲခြင်း စသည့် အချက်များကို လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း။

ကြွေးမြီဆိုင်ရာ အသုံးစရိတ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ကရယူထားသည့် ပြည်ပချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် မိမိတို့အနေဖြင့် တာဝန်သိနိုင်ငံအဖြစ် ခံယူရပ်တည်ပြီး အချိန်စေ့ရောက်သည့် အရင်းအတိုးများကို သူ့အချိန်နှင့်သူ ပေးဆပ်နိုင်ရန် ဦးစားပေးထည့်သွင်းလျာထားခွင့် ပြုထားပါကြောင်း။

**ပြည်သူ့ဘဏ္ဍာငွေများအထူးဂရုပြု**

ကိုဗစ်–၁၉ ကပ်ရောဂါနှင့်အတူ ဖြစ်ပေါ်လာသည့် ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးကျဆင်းမှုအခြေအနေ၊ နိုင်ငံသုံးငွေတန်ဖိုး ကျဆင်းမှုအခြေအနေ၊ လောင်စာဆီနှင့် အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ

*စာမျက်နှာ ၇ သို့*

❖ **မိမိတို့အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရေး၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ စာရင်းစစ်ဆေးမှုခံယူရေး စသည်တို့ကိုလည်း အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကြပ်မတ်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၆ မှ*

မြင့်တက်လာမှုအခြေအနေစသည့် အခြေအနေ အရပ်ရပ်ကြောင့် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာတွင် အထူးဂရုပြုပြီး စီမံခန့်ခွဲသုံးစွဲရန် လိုအပ်လာပါကြောင်း။

ထို့ပြင် နိုင်ငံတော်တွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ အားကစား၊ သာသနာရေးနှင့် ယဉ်ကျေးမှုစသည့် အသုံးစရိတ်များကိုလည်း လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ Budget Allocation ဟုခေါ်သည့် အသုံးစရိတ်များ ခွဲဝေချထားရာတွင် ပြည်ထောင်စု၏ ရငွေအခြေအနေအပေါ်မူတည်၍ ခွဲဝေရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့လျာထားသည့်ရငွေများကို ပြည့်ပြည့်ဝဝရရှိမှသာ မိမိတို့လျာထားသည့် အသုံးစရိတ်များကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

### အမိန့်ညွှန်ကြားချက်များထုတ်ပြန်

မိမိတို့အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရေး၊ တင်ဒါစည်းမျဉ်း စည်းကမ်းများ လိုက်နာရေး၊ စာရင်းစစ်ဆေးမှုခံယူရေး စသည်တို့ကိုလည်း အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ စိစစ်ထားသော ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် မိမိအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်မည့် အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များနှင့် အခြားမဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များကို ထပ်ဆင့်စိစစ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပြည်ထောင်စုမှ ထောက်ပံ့သည့်ငွေများကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်တည်ဆောက်၍ လူမှုစီးပွားရေးအခြေပြုညွှန်းကိန်း(၆)ခုကို အသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အချိုးကျ မျှတမှုရှိစေရန် နှစ်စဉ်ခွဲဝေလျာထားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရ/ အသုံးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ၊ စစ်ဆေးတွေ့ရှိချက်များအပေါ် သုံးသပ်တွေ့ရှိချက်များနှင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုပြင်လိုက်နာဆောင်ရွက်သွားရမည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ၂၀၂၃–၂၀၂၄ **“ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်း”** တို့ကို စိစစ်အတည်ပြုပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

### လျာထားချက်ပြည့်မီစေရေး ကြိုးပမ်း

မိမိတို့လျာထားတဲ့အတိုင်း ရငွေများရရှိစေရန်၊ မိမိတို့လျာထားသည့်အတိုင်း သုံးငွေများကို အချိန်မီသုံးစွဲနိုင်စေရန် ဌာန၊ အဖွဲ့အစည်း အကြီးအမှူးများကိုယ်တိုင် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်အတွက် ရငွေများဖြစ်သည့် အခွန်အကောက်မှရရှိငွေများကို တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်အောင် သက်ဆိုင်ရာ ဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း၊ အခွန်အကောက်မဟုတ်သော ရငွေများဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများတိုးတက်လာစေရန်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အထူးကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့ဌာန အဖွဲ့အစည်းများ၏ ပကတိအခြေအနေကို စနစ်တကျ စိစစ်သုံးသပ်ပြီး လျာထားချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် စီမံကိန်းနှင့်ဘတ်ဂျက် ဆက်စပ်ဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရငွေ၊ သုံးငွေနှင့် စပ်လျဉ်း၍လည်း စာရင်းစစ်ဆေးမှုကို စနစ်တကျ ခံယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**❖ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အရေးကြီးသကဲ့သို့ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးမြှင့်တင်လျက်ရှိပြီး ဘတ်ဂျက်ခွဲဝေချထားပေးသည့် အသုံးစရိတ်များမှာ ထည့်သွင်းလျာထားပေးထားသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ကိုဗစ် – ၁၉ အထူးချေးငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစသည့် ရန်ပုံငွေများကို ထူထောင်ပေးထားပြီး ရင်းနှီးမြှုပ်နှံငွေ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာ

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုနည်းပါးပြီး ပြည်တွင်းသုံးစွဲမှု မလုံလောက်သည့်အတွက် ပြည်ပမှသွင်းကုန်တင်သွင်းမှုကိုသာ အားထားဆောင်ရွက်ခဲ့ရသဖြင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့် နိုင်ငံပိုင်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးကောင်းကောင်းနှင့် လုံလုံလောက်လောက် ထုတ်လုပ်ပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

### လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုများမဖြစ်ရေး

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးသည်လည်း အရေးကြီးသည့်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် သက်ဆိုင်သောအသုံးစရိတ်များကိုလည်း တိုးမြှင့်ပေးထားပါကြောင်း၊ တစ်ဖက်ကလည်း ကာလတိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်ရေး ပြည်နယ်နှင့်တိုင်းအလိုက် လေ့လာဆောင်ရွက်စေလိုပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကို တိုးတက်ထုတ်လုပ်နိုင်စေရန် ဆောင်ရွက်ရသကဲ့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအပိုင်းတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်ရေး၊ ဓာတ်အားဝယ်ယူမှု၊ ဖြန့်ဖြူးရောင်းချမှုများကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း။

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ အားလုံးအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘဏ္ဍာနှစ်အလိုက် တိုးချဲ့စိုက်ပျိုးလာမည့် နေကြာသီးနှံစိုက် ဧရိယာအတွက် လိုအပ်လာမည့် မျိုးစေ့ပမာဏပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်း

နေပြည်တော်  မတ် ၂၁

**နေကြာမျိုးစေ့ ထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့်အစီအစဉ်များ ညှိနှိုင်းခြင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**




ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများနှင့်အညီ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုနှင့် ဆောင်ရွက်ပေးလိုမှုကို တောင်သူများ၊ ပုဂ္ဂလိကများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်လာရေးအတွက် မီဒီယာအားကို ထိထိရောက်ရောက် အသုံးချရန် လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို စိုက်ပျိုးရာသီ တစ်ရာသီ နှစ်ရာသီအတွင်း ဖြည့်ဆည်းပေးနိုင်ရန် ဆီထွက်သီးနှံနေကြာအား တိုးချဲ့စိုက်ပျိုးလျက်ရှိရာ တစ်ဧက နေကြာအထွက်နှုန်းနှင့် ဆီထွက်ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအလိုက် နေကြာမျိုးစေ့ ထုတ်လုပ်ရေးလုပ်ငန်းအတွက် ပညာရှင်ဝန်ထမ်းများ သီးခြားတာဝန်ချထားပေးနိုင်ရေး၊ တိကျသည့် လုပ်ငန်းကာလနှင့် ရန်ပုံငွေအသုံးပြုနိုင်ရေး၊ ဒေသအလိုက် ရာသီအလိုက် နေကြာမျိုးစေ့ ထုတ်လုပ်သွားမည့် အစီအစဉ်များနှင့် ထွက်ရှိလာမည့် မျိုးစေ့များ သိုလှောင်မည့် အအေးခန်းသိုလှောင်ရုံ အသုံးပြုနိုင်ရေး၊ နေကြာမျိုးသန့်မျိုးပွား ဆောင်ရွက်မည့် တောင်သူများ မျိုးစေ့သန့်စင်စက် အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် တိုးချဲ့စိုက်ပျိုးလာမည့် နေကြာသီးနှံ စိုက်ဧရိယာအတွက် လိုအပ်ချက်အရ မျိုးစေ့ပမာဏ ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ နေကြာမျိုးစေ့ထုတ် လုပ်ငန်းစဉ်တစ်လျှောက်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနက ထုတ်လုပ်ထားသည့် ရေဆင်းစပ်မျိုး နေကြာ-၁ နှင့် ဆင်းရွှေကြာ -၂ နေကြာမိဘလိုင်းများ ဆောင်ရွက်ထားရှိမှု၊ စပ်မျိုး (F1) မျိုးစေ့ ထုတ်လုပ်နိုင်မည့် အခြေအနေနှင့် ဆင်းရွှေကြာ-၂ မျိုးသန့်ပွားများမှုနှင့် ဖြန့်ဖြူးပြီးစီးမှု၊ စိုက်ပျိုးရေး ဦးစီးဌာန မျိုးသန့်ခြံများမှ နေကြာမျိုးများ ဖြန့်ဖြူးပေးမည့် အစီအစဉ်များ၊ မျိုးစေ့ စီးဆင်းမှု မှန်ကန်ရေးနှင့် တောင်သူများ ပူးပေါင်းပါဝင်သော နေကြာမျိုးသန့်ပွားများ ပြန့်ပွားရေး လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော်  မတ် ၂၁**




အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်းတွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်နှင့် သစ်တောရေးရာ) ဦးထွန်းအုံ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ကမ္ဘာနှင့်အဝန်း သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ရည်ရွယ်လျက် ကုလသမဂ္ဂ သစ်တောဖိုရမ် (UNFF)က ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ် မတ် ၂၁ရက်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ "International Day of Forests" အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ သစ်တောများသည် လူသားများ၏ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သော အစားအစာနှင့် ဆေးဝါးများ၊ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေခြင်းတို့အပြင် လူသားများ၏ ကျန်းမာရေးကို မြှင့်တင်ပေးသည့် ယဉ်ကျေးမှုနှင့် အပန်းပြေမှုဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေပြီး လူသားတို့နေ့စဉ်ရှူရှိုက်နေသည့် လေကိုလည်း သန့်စင်ရာတွင် အရေးပါသောအခန်းတွင် ပါဝင်လျက်ရှိကြောင်း။

သစ်တော ပြုန်းတီးခြင်း၊ မြေယာအသုံးပြုမှု ပြောင်းလဲခြင်းတို့ကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာပြီး Zoonotic Diseases ဟုခေါ်သည့် တောရိုင်းတိရစ္ဆာန်များနှင့် အိမ်မွေးတိရစ္ဆာန်များမှတစ်ဆင့် ရောဂါပိုးမွှားများ ပြန့်ပွားရန် အလားအလာများ တိုးမြင့်လာခဲ့ပြီး အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ရန် သစ်တောများကို ကျန်းမာရေးချဉ်းကပ်မှုနည်းလမ်းတစ်ခု (One Health Approach) အဖြစ် ထည့်သွင်းစဉ်းစားပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်များဖြစ်သည့် အပူချိန် အလွန်အမင်းမြင့်မားခြင်း၊ နိမ့်ကျခြင်း၊ မိုးရေချိန်အလွန်အမင်းများပြားခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း အစရှိသည်တို့သည် သစ်တောများ ပြုန်းတီးမှုကြောင့်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း သစ်တောပြုန်းတီးမှု လျော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးတို့အတွက် ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တို့တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့ခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇)နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ)ကို အကောင်အထည်ဖော်ခြင်း၊ အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ နှစ် (၃၀) အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းအရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ ဧက ၂ ဒသမ ၂၇ သန်းကို ဆောင်ရွက်လျက်ရှိခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျော့ချ ခြင်းလုပ်ငန်း (REDD+)ကို နိုင်ငံအဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း အစရှိသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပိုစတာများအား လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာလုပ်ငန်းဌာနနှင့် စီမံကိန်းများ ဆောင်ရွက်နေကြသည့် တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (သတ္တုရေးရာ)ဦးမင်းသူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရေဆင်း အ.ထ.က မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၄/၂၀၂၃) ဖွင့်

**ပဲခူး  မတ် ၂၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ကလေးအလုပ်သမားဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းပြီး "Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း" (၄/၂၀၂၃) ကို ယနေ့နံနက် ၁၀ နာရီက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)၌ ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီး ဦးစီးမှူး) ညွှန်ကြားရေးမှူး ဒေါ်ခင်မာသက်က သက်မွေးပညာရပ်သင်တန်းများ သင်ကြားပေးခြင်းသည် အထူးပင်ကောင်းမွန်သည့်အစီအစဉ်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပေးသည့် သင်ခန်းစာများနှင့် ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် သင်တန်းပြီးစီးပါက သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချလုပ်ကိုင်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပဲခူးမြို့မှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကို မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်တာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

သတ်မှတ်ချက် ပွဲစဉ်များသာ ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် အိမ်ရှင်ဂျပန် ယူ - ၁၇ အသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယ၊ စင်ကာပူအသင်းက စတုတ္ထ၊ မြန်မာအသင်းက အဆင့် ၅၊ အိုကီနာဝါ (ဂျပန်) က အဆင့် ၆၊ ကမ္ဘောဒီးယားအသင်းက အဆင့် ၇၊ လာအိုအသင်းက အဆင့် ၈၊ မလေးရှားအသင်းက အဆင့် ၉၊ ဖိလစ်ပိုင်အသင်းက အဆင့် ၁၀၊ အင်ဒိုနီးရှားအသင်းက အဆင့် ၁၁၊ တီမောအသင်းက အဆင့် ၁၂ နေရာရရှိခဲ့သည်။

Jenesys U-17 Women's Football Memorial Cup ပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံအနက် ဘရူနိုင်းမှလွဲ၍ ကျန် ၁၀ သင်း၊ အိမ်ရှင် ဂျပန်နိုင်ငံမှ ဂျပန် ယူ-၁၇ လက်ရွေးစင်အသင်းနှင့် ဂျပန်ကလပ်အသင်း စုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၂၁

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့သို့ ရောက်ရှိပြီး ကော့သောင်းမြို့ ရွှေဝက်ဝံတံတား ရွှေ့ပြောင်းအလုပ်သမားရုံး၌ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တွေ့ဆုံမှာကြားသည်။**(ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီးက ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအနေဖြင့် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး ပြည်ပသို့ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရန်နှင့် ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ခွင့် ရရှိနိုင်ရန် တရားဝင်ခွင့်ပြုပေးထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများဖြင့် စေလွှတ်ပေးလျက်ရှိကြောင်း။

အလုပ်သမားများသည် ပြည်ပသို့ မထွက်ခွာမီ ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ကျန်းမာရေးစစ်ဆေးမှုခံယူကာ ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ရယူ၍ ပြည်ပရောက်ရှိက သက်ဆိုင်ရာမြန်မာသံရုံးသို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ သတ်မှတ်ချက်များနှင့်အညီ သတင်းပို့ရမည့်အပြင် ပြည်ပတွင် အလုပ်ခွင်ထိခိုက်မှုအတွက် ရထိုက်ခွင့်ရှိသည့် လျော်ကြေး၊ နစ်နာကြေး အပြည့်အဝရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အကျိုးဆောင်မှ တစ်ဆင့်တောင်းဆိုခွင့်ရှိကြောင်း။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ လိုက်နာရမည့် စည်းကမ်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ပြည်ပလုပ်ငန်းရှင်နှင့် ဆက်သွယ်၍ ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသည့် ဝန်ဆောင်ခသာ အလုပ်သမားထံမှ တောင်းဆိုခွင့်ရှိကြောင်း၊ သတ်မှတ်သည့် ဝန်ဆောင်ခထက် ပိုမိုတောင်းခံရယူကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း။

မည်သူမဆို အကျိုးဆောင်လိုင်စင်မရှိဘဲ အကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း။

အလုပ်သမားစေလွှတ်ပေးသည့် အေဂျင်စီနှင့် သွားရောက်မည့် အလုပ်သမားတို့အကြား စေလွှတ်ခြင်းဆိုင်ရာ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုရမည့်အပြင် အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် မြန်မာ/အင်္ဂလိပ်၊ သက်ဆိုင်ရာနိုင်ငံ ဘာသာတို့ဖြင့် ချုပ်ဆိုရန်နှင့် စည်းကမ်းချက်၊ သတ်မှတ်ချက်များကို အပြည့်အဝ နားလည်သဘောပေါက်စေရေးအတွက် အလုပ်သမားများအား ရှင်းလင်းစွာ ပြောကြားပြီး အလုပ်သမားက သဘောတူညီမှသာ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးစေရမည်ဖြစ်ကြောင်း။

မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ကျွမ်းကျင်အလုပ်သမားများ၊ ခွင့်ပြန်အလုပ်သမားများ၊ အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့် နေထိုင်လုပ်ကိုင်သူများက ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်များ တင်ပြလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ရုံးဖွင့်ရက် နှစ်ရက်မှ သုံးရက်အတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိရာ ပွဲစား/အေဂျင်စီများထံ ဝန်ဆောင်ခအဖြစ် ငွေကြေးအဆမတန်ပေး၍ လုပ်ငန်းအပ်နှံခြင်းမပြုဘဲ OWIC ကတ်ရရှိရေး မိမိကိုယ်တိုင် တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း။

တရားမဝင် သွားရောက်သူများအနေဖြင့် လူကုန်ကူးခံရခြင်း၊ အကြွမ်းဖက်ခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်း၊ အန္တရာယ်ရှိပြီး ကျန်းမာရေးနှင့် မညီညွတ်သော လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရခြင်းတို့နှင့် ကြုံတွေ့ရနိုင်ကြောင်း၊ သို့ဖြစ်၍ အခက်အခဲရှိပါက တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်မြို့နယ်များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများနှင့် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ Compliants Mechanism Center များသို့ တိုင်ကြားနိုင်ကြောင်း၊ ဥပဒေချိုးဖောက်သူများကို ကာယကံရှင်ကိုယ်တိုင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တိုင်ကြားနိုင်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၁**

(၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။**(အောက်ပုံ)**

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း အတွဲ ၂၁၅၀ အနက် ကျောက်စိမ်းအတွဲ အမှတ် (၁) မှ (၇၅၀) အထိကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၅၇၆ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲ ဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း အတွဲ ၂၁၅၀အနက် ကျောက်စိမ်းအတွဲအမှတ် (၇၅၁) မှ (၁၅၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြစဉ်။

ကျောက်စိမ်း အတွဲအမှတ် (၇၅၁) မှ (၁၅၀၀) အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မတ် ၂၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။



ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၉၀ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၇၇ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခု ကျင်းပပြုလုပ်သည့် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်သည်။

**သတင်းစဉ်**

## စလင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်စားများအား ပင်စင်လစာများထုတ်ပေး

**စလင်း မတ် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား သက်ကြီးဘိုးဘွားများ၏ ပင်စင်လစာငွေများကို မတ် ၂၁ ရက်မှစတင်ကာ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပထမနေ့အဖြစ် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်း ပင်စင်စား ဦးရေ ၂၄၁၁ ဦး၊ နိုင်ငံရေးပင်စင်စား ၂၂၅ ဦး၊ တပ်မတော်အငြိမ်းစားပင်စင်စား ၆၈၉ ဦးနှင့် မြို့ပြပင်စင်စား ၁၄၈၆ ဦးရှိကြောင်း သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မထုတ်ယူနိုင်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားသက်ကြီးဘိုးဘွားများ၏ ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ရပ်ကွက်နှင့် ကျေးရွာများအရောက်သွားရောက်ကာ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကြမ်းခင်းဈေး ယူရိုငွေ ၆၀၀၀၀ ဖြင့် တင်ပြရောင်းချထားသော Lot No.599 အား ယူရိုငွေ ၁၂၀၀၉၉ ဈေးဖြင့် ရောင်းချခဲ့ရာ မဝယ်ယူမီ ကုန်သည်တစ်ဦးက ကြည့်ရှု စစ်ဆေးနေသည်ကို တွေ့ရစဉ် ။ ခွန်(ဝင်းပ)

# ချစ်စရာ့ကင်ညာ

မြင်းမူမောင်နိုင်မိုး

ကမ္ဘာ့သတင်းမီဒီယာကောင်စီ (World Association of Press Council)၏ ပုံမှန်အစည်းအဝေး (Annual General Meeting) ကို တစ်နှစ်တစ်ကြိမ်နှစ်စဉ် ကျင်းပခဲ့သည်ဖြစ်ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ အတွင်းက အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ကျင်းပခဲ့သည်မှာ နောက်ဆုံးအကြိမ်ပင်ဖြစ်ပြီး နောက်တစ်နှစ်အကြာတွင် အာဖရိကအရှေ့ပိုင်း ကင်ညာ (Kenya) နိုင်ငံ၌ ကျင်းပရန် သဘောတူညီခဲ့ကြလေသည်။ သို့ရာတွင် ၂၀၂၀၊ ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ရောဂါပိုး၏ကူးစက်ပြန့်ပွားမှုအခြေအနေများအရ အဆိုပါအစည်းအဝေးကို ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။

ယခုအခါ ကိုဗစ် - ၁၉ ရောဂါအခြေအနေမှာ လွန်ခဲ့သော နှစ်ကာလများနှင့်စာလျှင် အနည်းငယ် လျော့ပါးလာသည်ဟု ဆိုနိုင်ပေသည်။ သို့ဖြစ်၍ ပုံမှန်အစည်းအဝေးကို ၂၀၂၂ ခုနှစ် မေ ၃ ရက်မှ ၈ ရက်အထိ ခြောက်ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘာ့သတင်းမီဒီယာကောင်စီက အကြောင်းကြားလာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း လေးကြိမ်တိုင်တိုင် အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် ကျွန်တော်တို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အဖွဲ့ဝင်နှစ်ဦး အစည်းအဝေး တက်ရောက်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။

သို့နှင့်ပင် အာဖရိကတိုက်အရှေ့ပိုင်းရှိ ကင်ညာဆိုသောနိုင်ငံလေးသို့အစည်းအဝေးတက်ရောက်ရန် ၂၀၂၂ ခုနှစ်မေ ၂ ရက်တွင် ကျွန်တော်နှင့်ကောင်စီဝင်ဦးအေးချမ်းတို့ ခရီးစဉ် စတင်ခဲ့ရပေတော့သည်။

### ဂျိုမိုကင်ညာတာ ဒါလည်းမဆန်းပါတယ်

ကင်ညာနိုင်ငံသို့ သွားရမည်ဆိုတော့ ၁၉၇၅၊ ၁၉၇၆ ခုနှစ်က တက်ရောက်ခဲ့သော ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)က သူငယ်ချင်းများကို သတိရမိသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ အပတ်စဉ်မှ သူငယ်ချင်းတစ်ဦးသည် ကင်ညာနိုင်ငံသမ္မတ ဂျိုမိုကင်ညာတာနှင့် ရုပ်ချင်းအလွန်ဆင်သည်ဟု တစ်ပတ်စဉ်လုံးက မှတ်ချက်ပြုကြခြင်းကြောင့်ဖြစ်သည်။ ထိုအချိန်က ကင်ညာသမ္မတ၏ ရုပ်ပုံကို သတင်းစာမှာ တွေ့မြင်ခဲ့ရသည်။ ထိုသူငယ်ချင်း သည် သူ့ကို ဂျိုမိုကင်ညာတာနှင့်တူသည်ဟုပြောလျှင် အလွန်စိတ်ဆိုးသည်။ လုံးဝမကြိုက်ပေ။ သူက မကြိုက်မှန်းသိလေ နောက်ပြောင်၍ ခေါ်ကြလေဖြစ်၏။ သူ့ခေတ်သူ့အခါနှင့် ခေတ်စားနေသော သီချင်းတစ်ပုဒ်ကို မှတ်မိသည်။

"ဆောင်းမှာနှင်းကျတာ ဒါလည်းမဆန်းပါတယ်"

"မိုးမှာ ပန်းပွင့်တာ ဒါလည်း မဆန်းပါတယ်"

ကင်ညာသမ္မတနှင့်တူသော သူငယ်ချင်းသည် ကျွန်တော်နှင့်တပ်စု တစ်စုတည်း၊ တစ်ဆောင်တည်းဖြစ်လေသည်။ သူ့ကိုတိုက်ရိုက် ဂျိုမိုကြီးဟုခေါ်လျှင် သူသည်းမခံနိုင်လောက်အောင်ကို စိတ်တိုတတ်သဖြင့် တိုက်ရိုက်မခေါ်တော့။ မစတော့။ သို့သော် အဆောင်အတွင်းသို့သူဝင်လာတော့မည်ကို မြင်သည်နှင့်တစ်ပြိုင်နက် အဆောင်သားအားလုံးက တညီတညွတ်တည်း သံပြိုင်သီဆိုလိုက်ကြသည့် တေးသံမှာ...။

"ဆောင်းမှာနှင်းကျတာ ဒါလည်းမဆန်းပါတယ်"

"မိုး မှာ ပန်းပွင့်တာ ဒါလည်းမဆန်းပါတယ်"

"ဂျိုမို ကင်ညာတာ ဒါလည်း မဆန်းပါတယ်"

ထိုသို့ သီချင်းဆိုသံကြားပြီး မကြာမီ ဂျိုမိုကြီး၏ ဆဲဆိုရေရွတ်သံများကို တစ်ဝကြီး ကြားရတော့၏။ တပ်စု(၂) တစ်ဆောင်လုံး ဗိုလ်လောင်းတွေ၏ ရယ်သံနှင့် ဖုံးလွှမ်းသွားလေတော့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၇ နှစ်ကအဖြစ်ကို သတိရရင်း ကျွန်တော် ပြုံးမိသည်။

"ဩော်...ခုတော့လည်း ဂျိုမိုကြီးရဲ့ကင်ညာကို ရောက်ရတော့မယ်လေ။"

### မနီးလှတဲ့ခရီးအစ

မေ ၂ ရက် နံနက်၊ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်း ခရီးစဉ်ဖြင့် စတင်ထွက်ခွာသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တတိယသက်တမ်း ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်သဖြင့် မိမိ၏လုပ်ဖော်ကိုင်ဖက်များ စုံညီစွာလိုက်လံပို့ဆောင်ကြသည်။ ကိုမျိုးထွန်း၊ ကိုအောင်ပြည့်စုံ၊ ကိုရဲနိုင်စိုး၊ ကိုသက်နိုင်ဦး၊ ကိုသက်ပိုင်ထူး၊ ကိုအောင်သူထက်တို့ဖြစ်ကြသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ ဒေသစံတော်ချိန် ၂ နာရီ မိနစ် ၂၀ (မြန်မာစံတော်ချိန် ၁၂ နာရီ မိနစ် ၅၀)ခန့်တွင် ရောက်သည်။ ဒုတိယ ခရီးစဉ်အဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့သို့ ဒေသစံတော်ချိန် ၂၀ : ၃၅ နာရီတွင်မှ ဆက်လက်သွားရောက်ရမည်ဖြစ်ဖြစ်ရာ မလေးရှားလေဆိပ်တွင် ၆ နာရီခန့် စောင့်ဆိုင်းရမည်ဖြစ်လေသည်။ နေ့လယ်စာ ခေါက်ဆွဲပြုတ်တစ်ပွဲ မှာယူစားသောက်ရာ ကြက်သား ဖတ်လေး နှစ်ဖတ်ပါသည်ကို မလေးငွေ ၃၁ ရင်းဂစ် ပေးရသည်။ မြန်မာငွေ နှင့်ဆိုလျှင် ကျပ် ၁၆၀၀၀ ခန့် ကျသည်။ ရန်ကုန်၌ ကျန်ရစ်သော အတွင်းရေးမှူးက နေ့လယ်စာစားပြီးပြီလားဟု လှမ်းမေးတော့ ခေါက်ဆွဲပြုတ်အကြောင်း ပြောပြလိုက်ရာ "ဘုရား...ဘုရား ဈေးကြီးလိုက်တာ" ဟု ပြော၏။ မတတ်နိုင်ပါ။ မြန်မာပြည်မှာ အစစအရာရာ ဈေးကြီးပါသည်ဟု ဘယ်လောက်ပင်ပြောပြော သူတစ်ပါး နိုင်ငံထက်တော့ သက်သာနေသေးတာ အမှန်ပါ။ ထိုအချိန်က မြန်မာပြည်၌ ကြေးအိုးပွဲကြီး တစ်ပွဲမှ ကျပ် ၄၅၀၀ ဆိုတာ အများဆုံးဖြစ်သည်ကို သတိရမိသည်။

မလေးရှားလေဆိပ်မှ ၂၀:၃၅ နာရီချိန် လေယာဉ် စတင်ပျံသန်းသည်။ လေယာဉ်ကြီးမှာ ခရီးသည် ၄၀၀ ကျော်ဆံ့သည်ဟု သိရသည်။ ထိုနေ့က လေယာဉ်ပေါ်တွင် ခရီးသည် ၃၀၀ ကျော်လိုက်ပါလာသည်။ လေယာဉ်ပေါ်မှာ ကျွေးမွေးသောအစားအစာများ အတော်လေးကောင်းပါသည်။ ခေါက်ဆွဲကြော်၊ ထမင်းဖြူ၊ ဝိုင်အရက်၊ ဝီစကီ နှစ်သက်ရာမှာစား၍ရသည်။ အသားကတော့ အမဲသားနှင့် ငါးပဲဖြစ်လေသည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှ ကာတာနိုင်ငံ ဒိုဟာမြို့သို့ ဒေသစံတော်ချိန် ၁၁:၃၀ နာရီ မြန်မာ စံတော်ချိန်မှာ (၃-၅-၂၀၂၂ နေ့ နံနက် ၃ နာရီ ၄၅ မိနစ်) ကျမှ ရောက်ရှိသည်။ တမေ့တမြောအကြာကြီး လေယာဉ်စီးရသဖြင့် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲလှသည်။ လေယာဉ်ပျံသန်းကြာချိန်မှာ ၈ နာရီနှင့် ၄၅ မိနစ်ဖြစ်လေသည်။

ကာတာနိုင်ငံ ဒိုဟာလေဆိပ်မှာ ခမ်းနားစည်ကားလှပေသည်။ လေဆိပ်ထိုင်ခုံများပေါ်တွင် ခရီးသွားရန် အသင့်စောင့်ဆိုင်းနေသော လူမျိုးပေါင်းစုံကို တွေ့မြင်ရသည်။ လေ ဆိပ်တွင် ၃ နာရီနှင့် မိနစ် ၂၀ ခန့်မျှ စောင့်ဆိုင်းရပါသည်။ ဒေသစံတော်ချိန် ၁၂၅၀ (မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲခန့်)တွင် ကာတာမှ ထွက်ခွာသည်။ လေယာဉ်ပေါ်တွင် ရောက်ရှိဖြတ်သန်းရာနေရာများကို မြေပုံနှင့်တကွ ပြသထားသဖြင့် ကျွန်တော်တို့ ရောက်ရှိနေသောနေရာများကိုမှတ်သားကြည့်ရှုရသည်။ မလေးရှားမှ ကာတာ၊ ကာတာမှ ကင်ညာသို့ လေယာဉ်ပျံသန်းနေစဉ် အောက်ဘက်အိန္ဒိယသမုဒ္ဒရာကြီးကို ရှည်လျားစွာဖြတ်သန်းရသည်ကို ငေးမျှော်ကြည့်မောရင်း အရှေ့အလယ်ပိုင်းဒေသ(Middle East) ရှိ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ အီသီယိုပီးယား၊ တန်ဇန်းနီးယား၊ ယူဂန္ဒာ၊ ဆိုမာလီယာ အစရှိသောနိုင်ငံများကို ဖြတ်ကျော်နေရသည်ကို သတိပြုမိသည်။ ဤသို့ဖြင့် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ မေလ ၃ ရက် ဒေသစံတော်ချိန် ၁၀:၃၀ နာရီချိန် ရောက်ရှိခဲ့လေသည်။

### နိုင်ငံပေါင်း ၂၃ နိုင်ငံ

လေဆိပ်ကိုရောက်တော့ ကျွန်တော်တို့ကို လာကြိုမည့်သူများက ရောက်မလာကြသေးပေ။ လာကြိုမည့် ကင်ညာသတင်းမီဒီယာကောင်စီထံသို့ ကိုအေးချမ်းက ဖုန်းဖြင့် ဆက်သွယ်သည်။ သူတို့ လာကြိုပါမည်။ နာရီဝက်ခန့် စောင့်ပေးပါဆိုသဖြင့် ကျွန်တော်တို့ စောင့်ဆိုင်းရင်း တက္ကစီယာဉ်မောင်းများနှင့်အဖွဲ့ကျကာ စကားတွေပြောဖြစ်လေသည်။ ကျွန် တော်တို့က နီဂရိုးလူမျိုးများဟု ခေါ်ဝေါ်လေ့ရှိသော ကင်ညာမြို့သားများမှာ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ရည်မွန်စွာ ပြောဆိုနိုင်ကြသည်။ သွက်လက်ချက်ချာသည်။ တက္ကစီအလိုရှိလျှင် သူတို့နှင့်ဆက်သွယ်ပါဆိုပြီး ဖုန်းနံပါတ်တွေပေးသည်။ မကြာမီအမျိုးသမီးတစ်ဦးရောက်လာပြီး ကျွန်တော်တို့ကို လာခေါ်ပါသည်။ ထိုအမျိုးသမီးသည် ကင်ညာသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်တော့မဟုတ်၊ ကင်ညာသတင်းမီဒီယာကောင်စီ၏ ကိုယ်စားလှယ်ပင် ဖြစ်လေသည်။ တည်းခိုရမည့် ဟိုတယ်ကို မွန်းတည့် (၁၂:၀၀) နာရီခန့်မှ ရောက်လေသည်။

စာမျက်နှာ ၁၁ သို့



ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်နီပေါနိုင်ငံတို့မှ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌများ ကမ္ဘာ့သတင်းမီဒီယာကောင်စီ အစည်းအဝေးသို့ တက်ရောက်ကြစဉ်။

- မလေးရှားလေဆိပ်တွင် ၆ နာရီခန့် စောင့်ဆိုင်းရမည် ဖြစ်လေသည်။ နေ့လယ်စာ ခေါက်ဆွဲပြုတ်တစ်ပွဲ မှာယူစားသောက်ရာ ကြက်သား ဖတ်လေး နှစ်ဖတ်ပါသည်ကို မလေးငွေ ၃၁ ရင်းဂစ် ပေးရသည်။ မြန်မာငွေ နှင့်ဆိုလျှင် ကျပ် ၁၆၀၀၀ ခန့် ကျသည်။
- မြန်မာပြည်မှာ အစစအရာရာ ဈေးကြီးပါသည်ဟု ဘယ်လောက်ပင်ပြောပြော သူတစ်ပါး နိုင်ငံထက်တော့ သက်သာနေသေးတာ အမှန်ပါ။ ထိုအချိန်က မြန်မာပြည်၌ ကြေးအိုးပွဲကြီး တစ်ပွဲမှ ကျပ် ၄၅၀၀ ဆိုတာ အများဆုံးဖြစ်သည်ကို သတိရမိသည်။



ကမ္ဘာ့သတင်းမီဒီယာကောင်စီ ပုံမှန်အစည်းအဝေးသို့တက်ရောက်ကြသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတကာသတင်းမီဒီယာကောင်စီဥက္ကဋ္ဌများ။

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် အထူးကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ပဲခူး မတ် ၂၁

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ အထူးကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေးသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံးကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံအားပေး စကားပြောကြားပြီး လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးဝါးလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကိုခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီပါဝင်မှုဖြင့် လစဉ် ၂၁ ရက်တိုင်း တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ စုစုပေါင်း အငြိမ်းစားနိုင်ငံဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ် အတွင်း၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

*စာမျက်နှာ ၁၀ မှ*

ကျွန်တော်တို့ တည်းခိုရသည့်ဟိုတယ်မှာ Safri Park Hotel ဖြစ်သည်။ အလွန်ကျယ်ဝန်းသော မြေပေါ်တွင် သက်တမ်းရှည်သစ်ပင်ကြီးများက နေရာယူထားကြသည်။ အဆောက်အအုံများမှာ ရှေးဟောင်းအဆောက်အအုံကြီးများ အသွင်ကို ဆောင်လျက်ရှိသည်။ အထပ် နှစ်ထပ်၊ သုံးထပ်ဆောင်ကြီးများဖြစ်ပြီး ဧရာမသစ်လုံးကြီးများဖြင့် တိုင်ထူကာ ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ ဟိုတယ်၏ Reception တွင် ကင်ညာသတင်းမီဒီယာကောင်စီ၏ ပြည်ပဆက်ဆံရေးကိုယ်စားလှယ် အမျိုးသမီး Ms Deana ကိုတွေ့ရသည်။ သူက မြန်မာအပါအဝင် အခြားနိုင်ငံများအားလုံးမှ အစည်းအဝေးလာရောက်တက်ရောက်ကြသည့် ကမ္ဘာ့သတင်းမီဒီယာကောင်စီ (World Association of Press Council) အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ခွန်းဆက်ကာ အစည်းအဝေးအစီအစဉ်များကို ပြောပြသည်။ Deana နှင့် ယခင် Video Conferencing ဖြင့် အစည်းအဝေးပြုလုပ်တိုင်း ပြောဆိုဆွေးနွေးဖူးသည်မို့ ရင်းနှီးခင်မင်နေသည်။ သွက်လက်ချက်ချာ၍ ယဉ်ကျေးစွာ ပြောဆိုတတ်သောကြောင့် Deana ကို အစည်းအဝေးတက်ရောက်လာသူတိုင်းက ခင်မင်ကြသည်။

သူ၏ အချိုးအဆက်ကတော့ အာဖရိကတိုင်းရင်းသူပီပီ ထွားထွားကျိုင်းကျိုင်းရှိလှသည်။ မိမိတို့ထက် သူ့အရပ်က ခေါင်းတစ်လုံးနီးပါးမျှ ပိုမိုမြင့်မားလေသည်။ သူ၏ခန္ဓာကိုယ် အသားအရေက မဟူရာအရောင်အသွေးဖြစ်သော်လည်း သွားလေးတွေက ပုလဲသွယ်များလို ဖြူဖွေးနေသည်။ ရယ်လိုက်ပြုံးလိုက်လျှင် ခင်မင်နှစ်လိုဖွယ်ရာ ရုပ်ရည်သွင်ပြင်ကိုဆောင်သည်။ မြင်ပါများတော့ခင်ဟူသော မြန်မာစကားပုံကို သတိရမိသည်။ နောက်လေး ငါးရက်ကြာသောအခါ အာဖရိကတိုင်းရင်းသူအတော်များများနှင့် ပြောဆိုဆက်ဆံရင်းမှ သူတို့၏ ပြောပုံဆိုပုံ၊ ဆက်ဆံရေး ပြေပြစ်ပုံများကြောင့် သူတို့ကို ခင်မင်လာမိသည်။ မိတ်ရင်းဆွေရင်းလို စကြနောက်ကြနှင့် ဖြစ်လာသည်။

ကမ္ဘာ့သတင်းမီဒီယာကောင်စီ (World Asso-ciation of Press Council) ၏ ဥက္ကဋ္ဌမှာ Dr.Sule Aker ဖြစ်သည်။ ထိုအမျိုးသမီးမှာ အသက် ၆၀ ဝန်းကျင်မျှသာ ရှိသေး၏။ မေလ ၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးစတင်သည်။ ထိုနေ့က ဖွင့်ပွဲနေ့ဖြစ်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ




မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးက ကမ္ဘာ့သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Dr. Sule Aker အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

သတင်းမီဒီယာကောင်စီဥက္ကဋ္ဌများနှင့် ကင်ညာသတင်းမီဒီယာကောင်စီ၊ ကင်ညာပြန်ကြားရေးဝန်ကြီးတို့ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ထိုင်ခုံတွေ ဆက်တီအသုံးပြုခြင်းမရှိဘဲ မြက်ခင်းပြင်ပေါ်မှာပင် တိုးတိုးဝှေ့ဝှေ့နှင့် စီတန်းဓာတ်ပုံရိုက်ခြင်းဖြစ်၏။ ထိုနေ့က တက်ရောက်လာသော နိုင်ငံ ၂၃ နိုင်ငံမှာ ကင်ညာ၊ နီပေါ၊ ဆိုက်ပရပ်စ်၊ ဇင်ဘာဘွေ၊ အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အီရတ် (အရှေ့အလယ်ပိုင်း)၊ ကိုဆိုဗို၊ မာစီ ဒိုနီယန်၊ မြန်မာ၊ မာလာဝီ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ တန်ဇန်နီးယား၊ တူကီယဲ၊ ယူဂန္ဓာ၊ ဇမ်ဘီယာ၊ မော်လ်ဒိုက်၊ အာဖဂန်နစ္စတန်၊ ဆေးရှဲလ်၊ ဘူတန်တို့ ဖြစ်သည်။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးမှ အခမ်းအနားစတင်ပါသည်။ အောက်ပါပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်-

(၁) Mr David Omwoyo, CEO, Media Council of Kenya

(၂) Mr Maina Muiruri, Board Chairman, Media Council of Kenya

(၃) Dr Sule Aker, President, World Association of Press Councils

(၄) Ms Esther Koimett, CBS, Principal Secretary, State Department of Broadcasting and Telecommunica-tion, Ministry of ICT, Innovation and Youth Affairs

(၅) Mr Joe Mucheru, Cabinet Secretary, Ministry of ICT, Innovation and Youth Affairs

**MCK မှ ဦးဆောင်ကျင်းပသော ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အခမ်းအနား**

မေ ၅ ရက်သည် ကင်ညာခရီးစဉ်၏ တတိယမြောက်နေ့ ဖြစ်လေသည်။ နံနက်စောစော ၇ နာရီခွဲခန့်တွင် ကျွန်တော်နှင့် ကိုအေးချမ်းတို့ Breakfast စားရန် စားသောက်ဆောင်ရှိရာသို့ သွားကြသည်။ တည်းခိုရာအိပ်ဆောင်နှင့် စားသောက်ဆောင်မှာ အတော်လေးလှမ်းပါသည်။ အဆောင် တစ်ဆောင်နှင့် တစ်ဆောင်မှာလည်း အတန်ငယ်ဝေးကွာသည်။ စားသောက်ဆောင်ကြီးများကိုသွားသည့် လမ်းတစ်လျှောက်မှာ ဝက်သစ်ချပင်ကြီးများနှင့် အခြားအမည်မသိ သစ်ပင်ကြီးများက အုပ်မိုးလျက်ရှိကာ သဘာဝသစ်တောသစ်ပင်များပမာ အရိပ်အာဝါသအေးမြလှပေသည်။ ထို့ပြင် စမ်းချောင်းငယ်လေးများ၊ ရေတံခွန်ငယ်လေးများ၏ ရေစီးသံငြိမ့်ငြိမ့်ညောင်းညောင်းကို ဂီတသံပမာနားဆင်ရသည်။

သစ်ပင်ကြီးများ၏ သစ်ကိုင်းအချို့ပေါ်တွင် ချင်းတွင်းမြစ်အထက်ပိုင်း ခန္တီးမြို့ သောင်ပြင်များပေါ်တွင် တွေ့ရလေ့ရှိသည့် ဟသ်ာငှက်ကြီးတွေလို ငှက်ဖိုငှက်မများကို နှစ်ကောင်တွဲလျက် တွဲလျက် မြင်တွေ့ရသည်မှာလည်း အမြင်ဆန်း၍ ရွှင်လန်းစရာဖြစ်သည်။ ငှက်ကြီးတွေက ရွှေအိုရောင်နှင့် မဟူရာ အနက်ရောင်တစ်ဝက်စီ ဆေးခြယ်ထားသလို ဖြစ်ပြီး ထိုနေ့နံနက် စားသောက်ဆောင်သို့ ကိုအေးချမ်းနှင့် ကျွန်တော်လမ်းလျှောက်သွားကြစဉ် သိပ်မမြင့်လှ သော သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ငှက်ကြီးနှစ်ကောင် နား၍နေသည်ကို တွေ့မြင်ရသည်။ အတော်နီးနီး ကပ်ကြည့်သော်လည်း မလှုပ်မယှက်တွေ့မြင်ရသဖြင့် ကိုအေးချမ်းက

“အစ်ကိုကြီး ဒီငှက်တွေက အရုပ်တွေများလား”

“အေးနော်...လှုပ်လည်းမလှုပ်ဘူး”

ကျွန်တော်က ပြောပြောဆိုဆို ခဲသေးသေးလေးနှင့်ပစ်မည့်ဟန် ရွယ်လိုက်ရာ ငှက်ကြီးနှစ်ကောင်က ထ၍ပျံသွားလေတော့သည်။ ကျွန်တော်တို့နှစ်ယောက်လုံး ရယ်မောမိကြ၏။ ထိုနေ့က ကမ္ဘာ့သတင်းမီဒီယာကောင်စီ၏ အစည်းအဝေးမပြုလုပ်မီ MCK မှ ဦးဆောင်ကျင်းပသည့် World Press Free-dom Day/ Media Summit သို့ ဦးစွာတက်ရောက်ရသည်။

ထိုအခမ်းအနားတွင် ကမ္ဘာ့သတင်းမီဒီယာကောင်စီ၏ ဥက္ကဋ္ဌ Dr. Sule Aker အပါအဝင် ပုဂ္ဂိုလ် ကိုးဦးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ အခမ်းအနားမှူးမှာ (MCK) မှ Mr. Johnstone Mwakazi ဖြစ်လေသည်။ ထိုနေ့က အဖွင့်စကားပြော ကြားသူများမှာ Ms Judy Kaberia-Executive Director, Association of Media Women in Kenya (AMWIK), Ms Ito Misako-UNESCO Africa Advisor for Commun-ication and Information in Africa, Dr Evange-line Njoka-Secretary General/Chief Executive Officer, Kenya national Commission for UNESCO (KNATCOM UNESCO), Dr Sule Aker-President, World Association of Press Councils (WAPC), Mr Ezra Chiloba-Director General, Communications Authority of Kenya, Mr David Omwoyo-Chief Executive Officer, Media Council of Kenya, Mr Maina Muiruri-Chairman, Media Council of Kenya, Ms Esther Koimett-Principle Secretary, State Department of Broadcasting and Telecommunications, Ministry of ICT, Innovation and Youth Affairs, Honourable Joe Mucheru, EGH-Cabinet Secretary, Ministry of ICT, Innovation and Youth Affairs တို့ ဖြစ်ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **လူ့ဘောင်သစ်ပါတီ (NSP)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၂၇ ပါတီဖြစ်၍ စုစုပေါင်း ၃၃ ပါတီ ဖြစ်ပါသည်။ ယင်း ၃၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၈ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၅ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ ပိုက်သည်လမ်း၊ အမှတ်(၆)လမ်းနှင့် အမှတ်(၇)လမ်းကြားတွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်အမျိုးသားပါတီ (Arakan National Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်အမျိုးသားပါတီ (Arakan National Party)၏ အလံပုံစံ**



**ရခိုင်အမျိုးသားပါတီ (Arakan National Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်၊ အာခါဈေးလမ်း၊ အမှတ်(၂၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့် (ဘဲကုန်းမီးပွိုင့်အနီး)၊ စကြာဒီပခြံတွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ အလံပုံစံ**



**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၆၉)တွင် ပါတီရုံးချုပ် တည်ရှိသော **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]၏ အလံပုံစံ**



**ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထိုင်းနိုင်ငံ၌ မေ ၁၄ ရက်တွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ထား



**ဘန်ကောက် မတ် ၂၁**

အောက်လွှတ်တော်ဖျက်သိမ်းပြီး နောက်တစ်ရက်အကြာ၌ ထိုင်းနိုင်ငံအနေဖြင့် မေ ၁၄ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားကြောင်း ရွေးကောက်ပွဲကော်မရှင်က မတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ဧပြီ ၄ ရက်မှ ၇ ရက်အတွင်း ၎င်းတို့၏ ဝန်ကြီးချုပ် အမည်စာရင်းများကို တင်သွင်းရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အီတီပွန်း ဘွန်းပရာကွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ထို့ပြင် ရွေးကောက်ပွဲကော်မရှင်က အောက်လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၀၀ အတွက် လျှောက်လွှာတင်ရမည့် အချိန်ဇယားကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မဲပေးခွင့်ရှိသူပေါင်း ၅၂ သန်းကျော်သည် အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင် ၅၀၀ ကို ရွေးချယ်ရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် ဖွဲ့စည်းထားခဲ့သော အောက်လွှတ်တော်ကိုဖျက်သိမ်းရန် အမိန့်ကို ထိုင်းဘုရင် မဟာဗာဂျီရယ်လောင်ကွန်းက မတ် ၂၀ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။ အောက်လွှတ်တော်ကို ၂၀၁၉ ခုနှစ် အထွေထွေ ရွေးကောက်ပွဲပြီးနောက် ဖွဲ့စည်းထားခဲ့ပြီး လေးနှစ်ကြာ သက်တမ်းသည် မတ် ၂၃ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

**ဆင်ဟွာ**



အဒစ်အာဘာဘာရှိ ဒိုင်းမွန်းအကယ်ဒမီ၌ စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက တွေ့ရစဉ်။

# အီသီယိုပီးယား၌ ကလေးငယ်ပေါင်း ၃ ဒသမ ၄ သန်းကျော် ကျောင်းတက်ခွင့်မရဟုဆို

**အဒစ်အာဘာဘာ မတ် ၂၁**

အီသီယိုပီးယားနိုင်ငံ တစ်ဝန်းရှိ ကလေးငယ်ပေါင်း ၃ ဒသမ ၄ သန်းကျော်မှာ ကျောင်းတက်ခွင့် မရရှိကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) မတ် ၂၀ ရက် နှောင်းပိုင်းတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အာဖရိကနိုင်ငံ တစ်ဝန်း ပဋိပက္ခများနှင့် ဆိုးရွားသော ရာသီဥတုရိုက်ခတ်မှုများကြောင့် မိန်းကလေး ၁ ဒသမ ၇ သန်း အပါအဝင် ကလေးငယ်ပေါင်း ၃ ဒသမ ၄ သန်းကျော်မှာ ကျောင်းတက်ခွင့် မရရှိကြောင်း အီသီယိုပီးယားနိုင်ငံအခြေအနေ အစီရင်ခံစာတစ်ခုတွင် UNOCHA က ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အီသီယိုပီးယားနိုင်ငံမြောက်ပိုင်း တီဂရေးဒေသတစ်ခုတည်းတွင် ဒေသတစ်ဝန်း စာသင်ကျောင်း ၂၂၇၀ ပိတ်ထားမှုကြောင့် ကျောင်းတက်ခွင့် မရရှိသည့် ကလေးငယ်ပေါင်း ၂ ဒသမ ၃ သန်းကျော်ရှိကြောင်း UNOCHA က ပြောသည်။ အဆိုပါ တီဂရေးဒေသသည် အစိုးရမဟာမိတ်တပ်များနှင့် တီဂရေးပြည်သူ့လွတ်မြောက်ရေး တပ်ဦးကို သစ္စာခံသောတပ် (တီပီအယ်အက်ဖ်) များအကြား နှစ်နှစ်ကြာ ပဋိပက္ခဖြစ်ပွားမှုအတွင်း ဆိုးဆိုးရွားရွား ပျက်စီးဆုံးရှုံးမှု ခံစားရသော ဒေသဖြစ်သည်။

အဆိုပါ ပဋိပက္ခကြောင့် လူပေါင်းများစွာ အသက်အိုးအိမ် ဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး သန်းပေါင်းများစွာ အရေးပေါ်လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်လျက်ရှိကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အီသီယိုပီးယားအစိုးရနှင့် တီပီအယ်အက်ဖ်တို့အကြား ပဋိပက္ခဖြစ်ပွားမှု အဆုံးသတ်ရန် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ဂျကာတာ မတ် ၂၁**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ ဘိုဂေါဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦးက မတ် ၂၁ ရက်က ပြောကြားလိုက်သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်သည် လက်ဖက်စိုက်ခင်းများဝိုင်းရံထားသော ထင်ရှားကျော်ကြားသည့် တောင်ပေါ်အပန်းဖြေနေရာတစ်ခုဖြစ်သည့် ပန်ကတ်တွင် မတ် ၂၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာသဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အဲရစ်နာဂျက်မီကို က သေဆုံးသူမောင်နှမနှစ်ဦးသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောက်ကမ်းပါးနားရှိ လက်လုပ်တဲတစ်ခုတွင် နားခိုခဲ့ကြောင်း ပြောကြားခဲ့သည်။

သေဆုံးသူနှစ်ဦးမှာ ဒေသခံမုန့်ကိုယ်စားလှယ်များဖြစ်ကြောင်းနှင့် မြေပြိုမှုဖြစ်ပွားမည့်နေရာတွင် နားခိုခဲ့ကြောင်း အဲရစ်နာဂျက်မီကိုက သတင်းထောက်များကို ပြောကြားသည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားခဲ့သည့်နေရာနှင့် ဝေးဝေးနေရန် ဒေသဆိုင်ရာအာဏာပိုင်များက ပြည်သူလူထုကို သတိပေးနှိုးဆော်ထားသည်။

ရေကြီးခြင်းနှင့် မြေပြိုခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် အင်ဒိုနီးရှားနိုင်ငံ၌ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ**



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားသည့် နေရာကို တွေ့ရစဉ်။

# တရုတ်နိုင်ငံတစ်ဝန်း ဒေသအတော်များများ၌ သဲမုန်တိုင်းတိုက်မည်ဟု သတိပေး

**ပေကျင်း မတ် ၂၁**

တရုတ်နိုင်ငံတစ်ဝန်း ဒေသအတော်များများ၌ မတ် ၂၁ ရက် ဒေသစံတော်ချိန် ည ၈ နာရီမှ မတ် ၂၂ ရက် ည ၈ နာရီအထိ သဲမုန်တိုင်း တိုက်နိုင်သဖြင့် တရုတ်နိုင်ငံ



အမျိုးသားမိုးလေဝသဌာနက မတ် ၂၁ ရက်က အဝါရောင်သတိပေးချက်ကို ထပ်မံထုတ်ပြန်ခဲ့သည်။

သဲမုန်တိုင်းမှတစ်ဆင့်ပါလာနိုင်သော သဲမှုန်များနှင့် ဖုန်မှုန့်များသည် တရုတ်နိုင်ငံ ဆင်ကျင်း၊ ချင်းဟိုင်း၊ ဂန်စု၊ နင်ရှာ၊ မွန်ဂိုလီးယားအတွင်းပိုင်း၊ ရှန်စီး၊ ဟီဘေး၊ ပေကျင်း၊ တီယန်ကျင်၊ ရှန်ဒုန်း၊ ဟီနန်၊ ဟေလုံကျန်၊ ကျီလင်း၊ လောင်နင်းတို့သို့ ရိုက်ခတ်နိုင်ကြောင်းခန့်မှန်းထားသည်။ မွန်ဂိုလီးယားအတွင်းပိုင်းရှိ ဒေသတချို့မှာ သဲမုန်တိုင်းကို တွေ့မြင်နိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

သဲမှုန်နှင့် ဖုန်မှုန့်များလွင့်ပါခြင်းကို ကြိုတင်သတိထားရန် ပြည်သူလူထုကို မိုးလေဝသဌာနက အကြံပြုထားသည်။ သဲမုန်တိုင်းတိုက်ခတ်ခြင်းကို တိုင်းတာရာတွင် အဆင့်လေးဆင့်ရှိရာ အနီရောင်သည် အဆိုးဆုံးအဆင့်ကိုကိုယ်စားပြုသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူသစ် ၈၆၈၃ ဦးရှိ

**တိုကျို မတ် ၂၁**

ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၂ ရက်တွင် တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူသစ် ၈၇၇ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်သီတင်းပတ်ထက် ၁၁၁ ဦးကျဆင်းခဲ့သည်။ ထို့ပြင် တိုကျို၌ ကိုဗစ်-၁၉ ကြောင့် နှစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၈၆၈၃ ဦးရှိပြီး ၂၉ ဦးသေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**







# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ သာယာဝတီဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော မတ် ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ ၊ ၄၄ တို့အရ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးရှိ သာယာဝတီဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်သည်။

ယင်းနောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ ကို ကော်မရှင်မှ သာယာဝတီဗဟိုအကျဉ်းထောင်သို့ လှူဒါန်းခဲ့ရာ



တာဝန်ခံအရာရှိက လက်ခံရယူသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန် ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် ပညာပေးအစီအစဉ်များကျင်းပ

**နေပြည်တော် မတ် ၂၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အထက (၅) နှင့် (၇) တို့တွင်လည်းကောင်း၊ ကော်မရှင် (ရုံးခွဲ) များမှ အရာထမ်းများက ရန်ကုန်မြို့ရှိ အလုံ အထက (၄)နှင့် လသာ အထက(၁)၊ ဘားအံမြို့ရှိ အထက (၁) နှင့် (၂) ကျောင်းများတွင် လည်းကောင်း အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆရာ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ဖြူမြို့၌ ရေငန်ပုစွန်သားဖောက်နည်းပညာသင်တန်း ဖွင့်လှစ်

**ကျောက်ဖြူ မတ် ၂၁**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ပြီး ကျောက်ဖြူ ရေငန်ပုစွန်သားဖောက်စခန်း၌ ပထမအကြိမ် ရေငန်ပုစွန်သားဖောက်နည်း ပညာသင်တန်း ဖွင့်ပွဲကို မတ် ၂၁ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားသို့ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် **“ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းအပြင် ဒေသနှင့်ကိုက်ညီသည့် ငါး/ပုစွန်များကို မွေးမြူရေးကန်များဖြင့် စနစ်တကျ မွေးမြူထုတ်လုပ်နိုင်ရေး အလေးထား ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူ့စွမ်းအား အရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးနှင့် ပညာရည်မြင့်မားမှုရှိစေရေး အားပေးဆောင်ရွက်ရန်”** လမ်းညွှန်မှာကြားချက်အပေါ် ယခုကဲ့သို့ နည်းပညာပေး သင်တန်းများကို စာတွေ့ လက်တွေ့သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကုတ်တက္ကသိုလ် သတ္တဗေဒဌာနမှ သင်တန်းတက်ရောက်သူ ဆရာမတစ်ဦးက သင်တန်းလေ့လာသင်ယူရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ကျောက်ဖြူ ရေငန်ပုစွန်သားဖောက်စခန်းမှ စခန်းတာဝန်ခံ ဦးရွှေကျော်အောင်က မျိုးပုစွန်ပြုစုခြင်း၊ ရေငန်ပြင်ဆင်ခြင်း၊ ပုစွန်သားဖောက်ခြင်း၊ သားလောင်းပြုစုခြင်းနှင့် မွေးမြူရန်အတွက် သက်ရှိအစာမွေးမြူခြင်း စသည်တို့ကို မတ် ၂၇ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပြိုင်ပွဲ Hero Tri Nation International Football Tournament ဘောလုံးပြိုင်ပွဲကို MRTV Sports Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၁**

နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပြိုင်ပွဲ Hero Tri Nation International Football Tournament ဘောလုံးပြိုင်ပွဲကို အိန္ဒိယနိုင်ငံ၌ မတ် ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိရာ အိန္ဒိယအသင်းနှင့် မြန်မာအမျိုးသားလက်ရွေးစင်အသင်းတို့သည် မတ် ၂၂ ရက် ည ၇ နာရီတွင်လည်းကောင်း၊ မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် ကာဂျစ်စတန်အသင်းတို့သည် မတ် ၂၅ ရက် ည ၇ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားကြပုံများကို MRTV Sports Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၂၁–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၃၅,၈၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၉၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၃၀ | ၂၁၃၀ | ၂၃၆၀ | ၂၈၁၀ |
| 95 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၀ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၀ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၀ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၆ | ၂၀၀၉ |
| 95 Ron | ၂၀၂၀ | ၂၀၉၄ |
| HSD (500 ppm) | ၁၉၅၈ | ၂၀၂၇ |
| HSD (50 ppm) | ၂၀၃၂ | ၂၁၀၂ |
| HSD (10 ppm) | ၂၀၃၂ | ၂၁၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်နိုင်ရေးအတွက် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ လင်ချမ်းမြို့ မြို့တော်ဝန် Mr. Du Jianhui တို့ ဦးဆောင်၍ စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရုံးအမှတ် (၃) နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးကို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက် ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး (၄) ကြိမ်မြောက် မြန်မာ(နေပြည်တော်)-တရုတ် (လင်ချမ်း) နယ်စပ်စီးပွားကုန်စည်ပြပွဲ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် ရေးထိုးနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်မှ တွန်းအားပေးဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ်နယ်စပ် ချင်းရွှေဟော်ဂိတ်မှ ဖြတ်ကျော်သည့် တတိယနိုင်ငံ၏ ကုန်ပစ္စည်းကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး၊ နယ်စပ်ဂိတ် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေး ကိစ္စရပ်များအပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်တာဝန်ခံများနှင့် တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ် ရှစ်ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





## အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**တောင်ကြီး မတ် ၂၁**

ရှမ်းပြည်နယ်အတွင်း ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိ အငယ်တန်းစာရေးများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိစေရန်အတွက် အမှုထမ်းများ အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကို သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာနဦးစီးမှူးက အမှာစကား ပြောကြားပြီး ပြည်နယ်အတွင်းရှိ အငယ်တန်းစာရေး ၈၂ ဦး တက်ရောက်သည်။ သင်တန်းကို မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "ရွှေမြန်မာအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၂၁**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"ရွှေမြန်မာအငြိမ့်"** ဖျော်ဖြေပွဲ အမှတ်စဉ် (၄) ကို မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ပြီး ရွှာစားကျော် နိုင်လင်းဗိုလ် ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့် အတူ ခေါင်းဆောင်မင်းသမီး စိုးသန္တာဝင်း၊ ရေ့ထွက်မင်းသမီး သီရိမျိုးစံ၊ လူရွှင်တော်များဖြစ်ကြသည့် အာဖြဲ၊ ရောင်နီ၊ ဝမ်းတူးနှင့် လမုန့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ **သတင်းစဉ်**






## စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သမဝါယမအသင်းသစ်များ ဖွဲ့စည်း

**စစ်တွေ မတ် ၂၁**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်နိုင်ရန်အတွက် သမဝါယမအသင်းသစ်များ ဖွဲ့စည်းလျက်ရှိရာ စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာရှိ အသင်းသား ၂၀ ပါဝင်သော သဇင်မွေးမြူရေးသမဝါယမအသင်းနှင့် ကြံတောကျေးရွာရှိ အသင်းသား ၂၂ ဦး ပါဝင်သော ခရေမွေးမြူရေး သမဝါယမအသင်းတို့ကို ဖွဲ့စည်းခဲ့ပြီး နွားမွေးမြူရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်မည့်အပြင် ကျွဲ၊ ကြက်၊ ဝက်နှင့် ပုစွန်များကိုလည်း မွေးမြူသွားမည်ဖြစ်သည်။

ထို့ပြင် ကျောက်တန်းကြီးကျေးရွာရှိ အသင်းသား ၂၁ ဦး ပါဝင်သော မြတ်နိုးပန်းစိုက်ပျိုးရေး သမဝါယမအသင်းကို ဖွဲ့စည်းခဲ့ပြီး အသင်းသားတောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် စပါးများနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ထက်အောင်ကြိုင်သည် ၎င်းအသုံးပြုသည့် "Htet Aung Kyaing" Facebook အကောင့်နှင့် သဃ်န်းကျွန်းမြို့နယ် (ခ) ရပ်ကွက်နေ ဦးအေးသိန်း (ခ) မွတ်ဟာမတ်ရှားသည် ၎င်းအသုံးပြုသည့် "U Aye Thein" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီခိုလှုံရာစခန်းများမှ မူလနေရပ်သို့ ပြန်လည်ရွှေ့ပြောင်းမည့်အိမ်ထောင်စုများအတွက် ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်

မြစ်ကြီးနား မတ် ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်း လေးခုမှ မူလနေရပ်ကျေးရွာ ဝိုင်းမော်မြို့နယ်အတွင်းရှိကျေးရွာများသို့ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်ရိက္ခာ၊ ဆီနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို မတ် ၂၁ ရက်က ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်း မန်ခိန်နှစ်ခြင်းကယ်ဆယ်ရေးစခန်းမှ မူလနေရပ် ဝိုင်းမော်မြို့နယ် ကဇူးယန်ကျေးရွာနှင့် ဒဘတ်ယန်ကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများကို တွေ့ဆုံအားပေးပြောကြားသည်။ (ယာပုံ)



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါစခန်းမှ မူလနေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၄၄ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ဆီတစ်ပိဿာ၊ ထောက်ပံ့ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်လှကေသီမာက ဆန်ရိက္ခာဖိုးငွေ ၁၂၉၆၀၀၀၊ ပြောင်းရွှေ့စရိတ်အဖြစ် ငွေကျပ် ၂၅၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၂၅ ပုံးကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မူလနေရပ် ဝိုင်းမော်မြို့နယ် ကဇူးယန်ကျေးရွာ၊ ဒဘတ်ယန်ကျေးရွာနှင့် ဂါးရာယန်ကျေးရွာများသို့ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် လယ်ကုန်းဇီးအုန်၊ ဗက်လင်နှင့် မလိယန်ယာယီ ခိုလှုံရာစခန်းသုံးခုမှ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၄၀၊ လူဦးရေ ၂၂၃ ဦးတို့အတွက် ဆန်၁အိတ်၊ ဆီ တစ်ပိဿာစီနှင့် ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးငွေ ၂၀၀၇၀၀၀၊ ပြောင်းရွှေ့စရိတ် ငွေကျပ် ၄၀၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံး ၄၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ယနေ့ နေရပ်ပြန်ပြည်သူများအတွက် မော်တော်ယာဉ်များကိုလည်း ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ် တောင်စုကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ



အိမ်မဲ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်က ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တောင်စုကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လျှပ်စစ်မီးကို မီးခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်စုကျေးရွာအတွင်း လျှပ်စစ်မီးရရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ရွာသစ် ကျေးရွာအုပ်စု တောင်စုကျေးရွာတွင် အိမ်ထောင်စု ၁၃၂ စု၊ လူဦးရေ ၅၀၀ ကျော်ရှိပြီး လျှပ်စစ်မီး ရရှိခြင်းကြောင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ် (အိမ်မဲ)

## ဆန်စပါးဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၁

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြုစုရေးဆွဲထားသည့် ဆန်စပါးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အများပြည်သူထံသဘောထားရယူ ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ရွှေနန်းတော်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှတာဝန်ရှိသူများ၊ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ဆန်ကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ တက်ရောက်ကြသည်။**



**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားရာတွင် ဆန်စပါးနယ်ပယ်တွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများသာမက စပါးဝယ်ယူသူပွဲစားများ၊ စက်ပိုင်များ၊ ကုန်သည်များနှင့် ပြည်ပတင်ပို့သည့် လုပ်ငန်းရှင်များအထိ အလွှာမျိုးစုံပါဝင်နေသဖြင့် ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်မှသာ ဆန်စပါးကဏ္ဍ တိုးတက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဆန်စပါးဥပဒေ (မူကြမ်း)ရှင်းလင်းဆွေးနွေးပွဲကို တက်ရောက်လာကြသည့် အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် လက်တွေ့တွင် အမှန်တကယ်အသုံးပြုနိုင်သည့် ဥပဒေကောင်းတစ်ရပ်ဖြစ်ရန်အတွက် အားလုံးက ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

**ထိန်းကျောင်းဆောင်ရွက်ပေး**

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက် မှတ်ပုံတင်ခြင်းမှအစ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ခြင်းလုပ်ငန်းစဉ်များနှင့် လိုအပ်သည့် အခြေခံအဆောက်အဦများကို လည်း နိုင်ငံတော်အစီအစဉ်ဖြင့် ယခင်က မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်မှစတင်၍ ဆန်စပါးမူဝါဒသစ်အရ ပုဂ္ဂလိက အဖွဲ့အစည်းများသို့ လုပ်ပိုင်ခွင့် လွှဲပြောင်းပေးအပ်ပြီး ကာလ နောက်ပိုင်းမှစ၍ ယခင်ရှိပြီးသား ဆန်စက်၊ သိုလှောင်ရုံများကို ပုဂ္ဂလိကအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခဲ့ပြီး Regulatory Role အရ လက်ရှိ စားသုံးသူရေးရာဦးစီးဌာနက လိုအပ်သလို ထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အခြေခံကျသည့် ဥပဒေတစ်ရပ်**

ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ စားသုံးသူရေးရာဦးစီးဌာနအနေနှင့် အခန်းအားဖြင့် ၁၀ ခန်း၊ အဆိုပြုပြဋ္ဌာန်းချက်ပုဒ်မ ၅၁ ခု ပါဝင်သည့် ဆန်စပါးဥပဒေ (မူကြမ်း)ကို ရေးဆွဲပြုစုထားရှိပြီးဖြစ်ပါကြောင်း၊ ဥပဒေမူကြမ်းသည် အနှစ်သာရအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတစ်ရပ်လုံးကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အတွက် အခြေခံကျသည့် ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုဥပဒေကို ပြဋ္ဌာန်းပြီး၍ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်တစ်ခုတည်းက ဆောင်ရွက်ရမည်မဟုတ်ဘဲ ဆန်စပါးကဏ္ဍနှင့် ဆက်စပ်သည့် အကျိုးဝင်သူများ အားလုံးဘက်ကလည်း ဖော်ဆောင်ပေးရန်လိုပါကြောင်း၊ ဥပဒေ(မူကြမ်း)ပါ ပြဋ္ဌာန်းချက်များ၏ အဓိကရည်မှန်းချက်ဖြစ်သည့် ပြည်တွင်း၌ စားသုံးမှု ဖူလုံစေရေးနှင့် ဆန်စပါး ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်ရင်း ဆန်စပါးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်အခါတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ယခုဥပဒေအောက်ကနေ ပြိုင်တူ ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် ဖွံ့ဖြိုးမှုပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**အကြံပြုမေးမြန်းဆွေးနွေး**

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က ဥပဒေ (မူကြမ်း) ပါ အချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို အကြံပြုမေးမြန်း ဆွေးနွေးကြရာ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ပြီး ဖော်ထုတ်ချက်များ ဆက်လက်ဖော်ထုတ်၍ သက်ဆိုင်ရာများသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



## မြန်မာ့ SMEs ကဏ္ဍတွင် AI ၏ အကျိုးသက်ရောက်မှု အခမဲ့ဆွေးနွေးပွဲပြုလုပ်မည်

**ရန်ကုန် မတ် ၂၁**

ဉာဏ်ရည်တု(AI)များကို လူအများ စိတ်ဝင်စားစွာ အသုံးပြုမှုများလာပြီးနောက် ရှာဖွေရေးအင်ဂျင်များတွင် AI များကို ပေါင်းထည့်လာခြင်းနှင့် စီးပွားရေးနယ်ပယ်များတွင်ပါ AI နည်းပညာကို အသုံးပြုရန် စိတ်ဝင်စားမှုများရှိလာရာ AI များ တိုးတက်လာခြင်းက မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်အသီးသီးမှ SME လုပ်ငန်းများကို အကျိုးသက်ရောက်နိုင်မည့်အချက်များနှင့် ပတ်သက်၍ အခမဲ့တက်ရောက်နိုင်မည့် ဆွေးနွေးပွဲတစ်ရပ်ကို Impact Hub Yangon နှင့် FNF Myanmar တို့ ပူးပေါင်းပြီး မတ် ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲကို "How AI Revolution Affects on Myanmar SMEs Sector" ခေါင်းစဉ်ဖြင့် ပြုလုပ်မည်ဖြစ်ပြီး AI များ တိုးတက်လာခြင်းသည် SME လုပ်ငန်းများအတွက် စီးပွားရေးစီမံချက်၊ ဈေးကွက်ချဲ့ထွင်ခြင်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများတွင် မည်သို့သက်ရောက်မှုရှိမည်ကို အဓိက ဆွေးနွေးမည်ဖြစ်ကြောင်း Impact Hub Yangon ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

ဆွေးနွေးပွဲအပြင် မြန်မာ SME လုပ်ငန်းများအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာဆိုင်ရာ အခက်အခဲ၊ စိန်ခေါ်မှုများ၊ လိုအပ်ချက်များနှင့် အနာဂတ်အခွင့်အလမ်းများအကြောင်း၊ မည်သို့ကျော်ဖြတ်နိုင်မည်ကို ဆွေးနွေးအဖြေရှာမည့် အလုပ်ရုံဆွေးနွေးပွဲနှင့် ချိတ်ဆက်ခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကို Mercure Yangon ကမ္ဘာအေးဟိုတယ်၌ မတ် ၂၅ ရက် ညနေ ၃ နာရီမှ ည ၇ နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲအတွက် နယ်ပယ်မျိုးစုံမှ MSME လုပ်ငန်းများ၊ နည်းပညာကို စိတ်ပါဝင်စားသူများအားလုံးကို ဖိတ်ခေါ်ကြောင်း၊ သို့သော် လူဦးရေကန့်သတ်ထားသောကြောင့် အမြန်စာရင်းသွင်းရန် လိုအပ်ပြီး https://bit.ly/3YGERfB လိပ်စာ၌ ဝင်ရောက်စာရင်းပေးရမည်ဖြစ်ကာ တက်ရောက်ခွင့် အတည်ပြုချက်ကို မတ် ၂၂ ရက်တွင် ပြန်လည်အကြောင်းကြားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး မေးမြန်းလိုပါက Impact Hub Yangon ဖုန်း-၀၉ ၉၅၁၈၅၁၂၉၈ (သို့မဟုတ်) ၀၉ ၉၆၃၂၈၇၉၁၂ တို့သို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**




## ဆင်းကတ်များကို မှန်ကန်သည့်အချက်အလက်များဖြင့် မှတ်ပုံတင်ရန် အော်ပရေတာလေးခု ပူးပေါင်းထုတ်ပြန်

**ရန်ကုန် မတ် ၂၁**

ဆင်းကတ်များကို မှန်ကန်သော ကိုယ်ရေး အချက်အလက်များဖြင့် ပြန်လည် မှတ်ပုံတင်ရန် သက်ဆိုင်ရာ အော်ပရေတာများထံမှ အသိပေးစာတိုများ ရရှိသူများသည် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အရ မှန်ကန်သည့် ကိုယ်ပိုင်အချက်အလက်များဖြင့် တစ်လအတွင်း ဆင်းကတ်ပြန်လည်မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ကြောင်း အော်ပရေတာလေးခု ပူးပေါင်း၍ မတ် ၁၆ ရက်က ထုတ်ပြန်ထားသည်။

ဆင်းကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အချက်အလက်များနှင့် နှိုင်းယှဉ်စစ်ဆေး၍ အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသည့် ဆင်းကတ်များသည် အချက်အလက် အမှန်များဖြင့် ပြန်လည်မှတ်ပုံတင်ရန် သက်ဆိုင်ရာ အော်ပရေတာအသီးသီးမှ SMS ပေးပို့ အကြောင်းကြားပေးလျက်ရှိပြီး SMS များကို လက်ခံရရှိသူများအနေဖြင့် ဆက်သွယ်ရေး ပြတ်တောက်မှု မဖြစ်ပေါ်စေရန် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်သွင်း၍ သတ်မှတ်ထားသည့် ရက်မတိုင်မီ အမြန်ဆုံး ပြန်လည်မှတ်ပုံတင်ရန် တိုက်တွန်း အကြောင်းကြားအပ်ပါကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အသိပေးစာတို(SMS) လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံသားစိစစ်ရေးကတ်အတိုင်း ပြန်လည်ပြင်ဆင် မှတ်ပုံတင်ထားခြင်းမရှိပါက အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှုများကို ရပ်ဆိုင်းသည့် One Way Block ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ One Way Block လုပ်ထားချိန်မှစ၍ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက် အမှန်ဖြင့် ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်း မရှိသော ဆင်းကတ်များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။

ဆင်းကတ်များ မှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်ကြားချက်သည် ဈေးကွက်အတွင်း ရောင်းချနေသော ဆင်းကတ်များအားလုံးနှင့် သက်ဆိုင်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲသူများအနေဖြင့်လည်း မည်သည့်နေရာတွင်မဆို ဆင်းကတ်များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ပြီး အသုံးပြုကြပါရန် တိုက်တွန်းကြောင်းလည်း ဖော်ပြထားသည်။

သုံးစွဲသူများအနေဖြင့် မိမိတို့လက်ရှိ မှတ်ပုံတင်ထားသည့် အချက်အလက်များ မှန်၊ မမှန် စစ်ဆေးသိရှိနိုင်ရန် MPT အတွက် *601#၊ ATOM အတွက် *766# (သို့) *979*3*3#၊ အူရီဒူးအတွက် *666#၊ Mytel အတွက် *96662# ကို ခေါ်ဆို၍ စစ်ဆေးနိုင်ပြီး အချက်အလက်များ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ တရားဝင်ဝက်ဘ်ဆိုက်၊ အက်ပလီကေးရှင်းနှင့် သက်ဆိုင်ရာအရောင်းဆိုင်များတွင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဆင်းကတ်များကို မှန်ကန်စွာ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းအားဖြင့် သုံးစွဲသူများအတွက် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေခြင်း၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာ သုံးစွဲနိုင်ခြင်းတို့ကြောင့် ပြင်ပလိမ်လည်မှုများ၏ အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကျော်ဇင်ဦး**

## TikTok တွင် ဆယ်ကျော်သက်များနှင့် မိသားစုများအတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်သစ်များ မိတ်ဆက်

**ရန်ကုန် မတ် ၂၁**

ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော Tiktok ကို အသုံးပြုသူ ဆယ်ကျော်သက်အရွယ် လူငယ်များ၊ မိသားစုများအတွက် အသုံးပြုချိန် စီမံခန့်ခွဲခြင်းနှင့် မိဘအုပ်ထိန်းသူများကိုယ်တိုင် ပိုမိုပါဝင်နိုင်သော လုပ်ဆောင်ချက်အသစ်များကို မတ် ၁၆ ရက်က စတင်မိတ်ဆက်ထားကြောင်း သိရသည်။

ဆယ်ကျော်သက်အရွယ် လူငယ်များ၏ အသုံးပြုချိန်ကို စီမံခန့်ခွဲရန် အပြောင်းအလဲများအဖြစ် လာမည့်ရက်သတ္တပတ်များအတွင်း အသက် ၁၈ နှစ်အောက် အသုံးပြုသူတိုင်းကို နေ့စဉ်အသုံးပြုချိန် မိနစ် ၆၀ အလိုအလျောက် သတ်မှတ်ပေးမည်ဖြစ်ကြောင်း၊ ဤအချိန်ကန့်သတ်ချက်ကို ရွေးချယ်သတ်မှတ်နိုင်ရန်အတွက် Tiktok အနေဖြင့် သုတေသနနှင့် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြောင်း၊ အသုံးပြုချိန် မိနစ် ၆၀ ပြည့်သွားပါက ဆယ်ကျော်သက်လူငယ်များအနေဖြင့် ဆက်လက်ကြည့်ရှုသုံးစွဲရန်အတွက် Passcode တစ်ခုထည့်သွင်းရန် အကြောင်းကြားခြင်း ခံရမည်ဖြစ်ပြီး အသုံးပြုချိန်တိုးမြှင့်ရန် ကိုယ်တိုင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆယ်ကျော်သက်လူငယ် အကောင့်တိုင်းအတွက် ၎င်းတို့၏ Screen Time အသုံးပြုချိန် အနှစ်ချုပ်ကို အပတ်စဉ် အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆယ်ကျော်သက်အရွယ် အကောင့်များအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ Setting များတွင်အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား အသုံးပြုသူများ၏ အကောင့်များကို Private အဖြစ် အလိုအလျောက် သတ်မှတ်ပေးမည်ဖြစ်ပြီး မျှဝေမည့်အကြောင်းအရာကို မည်သည့်အချိန်၊ မည်သူနှင့် မျှဝေရမည်ကို အသိပေးကာ ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် ကူညီမည်ဖြစ်ကြောင်း၊ တိုက်ရိုက်စာတိုပေးပို့ခြင်းကို အသက် ၁၆ နှစ်နှင့်အထက်ရှိသူများသာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး တိုက်ရိုက် ထုတ်လွှင့်နိုင်ရန်အတွက် အသုံးပြုသူများသည် အနည်းဆုံး အသက် ၁၈ နှစ် ပြည့်ရမည်ဖြစ်ကြောင်း သိရသည်။

မိသားစုများအတွက် အသုံးပြုရာတွင် ပိုမို ဘေးကင်းလုံခြုံစေရန် Family Pairing လုပ်ဆောင်ချက် အသစ်သုံးခုကိုလည်း ထပ်မံမိတ်ဆက်ထားပြီး ယင်းအချက်သုံးခုမှာ (၁) အုပ်ထိန်းသူများက ဆယ်ကျော်သက်များအတွက် Screen Time အသုံးပြုချိန်ကို နေ့ရက်အလိုက် စိတ်ကြိုက်ပြင်ဆင်နိုင်ရန် ခွင့်ပြုခြင်း၊ (၂)ဆယ်ကျော်သက်များ၏ Tiktok ကို အသုံးပြုသည့်အချိန် အကျဉ်းချုပ်၊ ဖွင့်သည့်အကြိမ် အရေအတွက်နှင့် နေ့ရောညပါ အသုံးပြုချိန် စုစုပေါင်းကို ပိုင်းခြားပေးသည့် အသုံးပြုချိန်အညွှန်းပြဇယားကို အုပ်ထိန်းသူများ မြင်တွေ့စေရန် ထည့်သွင်းပေးထားခြင်း၊ (၃)ဆယ်ကျော်သက် အရွယ်လူငယ်များအတွက် Tiktok မှပြသသည့် အကြောင်းကြားချက် (Notification) များကို အုပ်ထိန်းသူမိဘများက အချိန်ဇယားသတ်မှတ်၍ ပိတ်ထားနိုင်ခြင်း စသည့်လုပ်ဆောင်ချက်များဖြစ်သည်။







ထို့ပြင် အသက်အရွယ်မရွေး အသုံးပြုသူတိုင်းအတွက် ညအိပ်ချိန်ကို ကျော်လွန်အသုံးမပြုမိစေရန် Sleep Reminder လုပ်ဆောင်ချက်ကိုလည်း မိတ်ဆက်ပေးမည်ဖြစ်ပြီး ယင်းလုပ်ဆောင်ချက်အရ အသုံးပြုသူများအနေဖြင့် အိပ်စက်ရန် အချိန်တစ်ခု သတ်မှတ်နိုင်မည်ဖြစ်ကာ သတ်မှတ်ချိန်ရောက်သည့်အခါ အသုံးပြုမှုရပ်နားရန် အသိပေးစာကို ဖော်ပြမည်ဖြစ်ကြောင်း သိရသည်။

Tiktok ကိုအသုံးပြုသူ လူငယ်များ၏ အုပ်ထိန်းသူများအနေဖြင့် TikTok နှင့် ပတ်သက်ပြီး သိသင့်သော အချက်အလက်များကို သိရှိနိုင်ရန် ပညာပေးသည့် အစီအစဉ်များကိုလည်း အက်ပလီကေးရှင်းအတွင်း ပညာပေးဗီဒီယိုများ ပြသခြင်းဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ကုမ္ပဏီများမှ တစ်ဆင့်လည်းကောင်း ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း Tiktok က မြန်မာဘာသာဖြင့် ထုတ်ပြန်သည့် သတင်းခန်း ဝက်ဘ်စာမျက်နှာတွင် ဖော်ပြထားသည်။

**ကိုစိုး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၃-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မောရသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** ရေပြတ်လပ်မှုမရှိရေး အားလုံးဝိုင်းဝန်းကြိုးပမ်းပေး
**၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၉:၂၅** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ကူညီအားဖြည့် အပြုံးတွေအသစ်
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း–၈၀)
**၁၃:၀၀** သီချင်းကြိုးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း–၂၀)
**၁၅:၃၀** Weekly Soccer Preview
**၁၆:၃၅** ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်မည့် အခြေခံပညာအလယ်တန်းအဆင့် (Grade-9)ပြီးမြောက်အောင်မြင်ပြီးပညာဆက်လက်သင်ယူမည့်ကျောင်းသားသူများနှင့် မိဘပြည်သူများသိရှိနိုင်စေရန် အသိပေးနှိုးဆော်ချက်
**၁၆:၄၅** အသိပညာနှင့်အမှန်တရား
**၁၇:၃၀** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း
**၁၇:၄၅** ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ရေနေ့အထိမ်းအမှတ် (Video Clip)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၄၅** နိပါတ်တော်လာဇာတ်သဘင်မဟာ "**သုဝဏ္ဏတိလက ဇာတ်တော်**"
**၁၉:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း**' (အပိုင်း–၈၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု အငြိမ့် "**ရွှေမြန်မာအငြိမ့်**" (ပွဲစဉ်–၄)
**၂၂:၄၅** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း "**အနောက်ပြောက်ယွန်းယွန်း မှသည်....တိစ်ယံဆီသို့**" (ပွဲစဉ်–၂)

**mitv**

**07:01** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
**07:13** Me & My Dancing Brother
**07:42** Shan Novices To Be...........
**08:01** News
**08:28** Introductory Programme of Literary Award Winners: U Zaw Htay (Culture)
**08:44** Ecotourism: Along River Chindwin To Khamti
**09:01** Artistic Values & Aesthetic Traditions
**09:25** Diary of a Fisherman
**09:39** Children's Delight: National Library for Children (Episode-3)(I am a Penguin)
**09:50** Healthy Diet: Fasting Diet
**10:01** News
**10:26** Topical Topics (No. 47) Expand the Export Market of Pulses & Beans Through Increased Yield

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
မှိုင်ပေါလ်ဝက်သားမီးဖုတ်
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
မျိုးစေ့အတွက်ဆုတောင်းခြင်း
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ထန်းပင်ပေါ်ကတို့ဖေဖေ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း–၂)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
လွယ်ပြားရွာက စိုင်းစံမိန်း
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
အသီးအရွက်စားပါ
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်တူရိယာများအကြောင်းသိကောင်းစရာ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
စိတ်ဝင်စားစရာကောင်းသောထူးခြားချက်များ 'ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း'
**ဝကကကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ပုစွန်ရှာစားခြင်း
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း–၂)
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရေနတ်ပူဇော်ခြင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ကမ္ဘာ့ရေနေ့ (Video Clip)
**၀၉:၁၅** ရေပြတ်လပ်မှုမရှိရေးအားလုံးဝိုင်းဝန်းကြိုးပမ်းပေး
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ဒါဏ်**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း–၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း–၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရည်သန် မျိုးစေ့ပြပွဲ ၂၀၂၃ ရဲ့ မြင်ကွင်းသဏ္ဌာန်
**၀၇:၅၀** ကုန်စည်ဒိုင်နှင့် စိုက်တောင်သူ
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၀၀** စာသင်ခန်းမှသည်လယ်တောဆီ(ဇာတ်လမ်းတို)
**၀၉:၁၅** ပန်းမျိုးရင်းများစုဆောင်းသစ်ခွမျိုးများအကြောင်း
**၀၉:၃၅** သာယာပျော်ရွှင်ညောင်နှစ်ပင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၀၀** နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပြိုင်ပွဲ Hero Tri Nation International Football Tournament ဘောလုံးပြိုင်ပွဲ တိုက်ရိုက် (Live) ထုတ်လွှင့်မှု အိန္ဒိယအသင်း–မြန်မာအသင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရွှေစာရံဘုရားသို့ သွားရောက်သည့် ဘုရားဖူးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းအား KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး /လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော်သုံးပါးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆရာ ဆရာမများအတွက် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး မတ် ၂၁**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ သင်ရိုးသစ် အကောင်အထည်ဖော်ရေး အစီအစဉ်အရ ၂၀၂၂ – ၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ဘာသာရပ် စွမ်းရည်မြှင့် (ခရိုင်အဆင့်) ဆွေးနွေးပွဲကို မတ် ၂၁ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် အ.ထ.က ၁ ၌ ကျင်းပရာ ခရိုင်ပညာရေးမှူးဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်တွင် ဆရာ ဆရာမ ၂၇၈ ဦးနှင့် အလယ်တန်းအဆင့်တွင် ၄၉၆ ဦး တက်ရောက်ပြီး အထက်တန်းအဆင့်နည်းပြ ကိုးဦး၊ အလယ်တန်းအဆင့်နည်းပြ ၁၇ ဦး ဆွေးနွေးမည်ဖြစ်ကာ မတ် ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ – ၃ – ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၂၀၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၇၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၈၀ ကျပ် | ၂၁၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၅၀ ကျပ် | ၂၁၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၁၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၇ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၉၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၅ | ၄၁၀၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၂၇၅ | ၈၆၈၉၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂ | ၁၅၀၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၃၇၃၃ | ၅၉၇၂၈၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၂၅ | ၆၆၂၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆၆၇ | ၁၇၆၇၅၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၉ | ၄၄၁၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၈၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၄၅၃)အကျယ်အဝန်း (၄၀' x ၆၀') ရေိယာ (၀.၀၅၅)ကေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်(၁)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်ခင်စိုးစိုး (၁၂/ဥကမ(နိုင်)၁၈၁၁၉၉) အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်(၁)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်(၁)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာ ( LL.B ) အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃
## မြိတ်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်– ၁

ဒေါ်ခင်စိုး — လျှောက်ထားသူ

**ကွယ်လွန်သူ ဦးစောဂျက်(ခ)ဦးချစ်ဖေ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ (အထူးဆိပ်)၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၄)၊ အထူးရာကြီးကွင်း၊ ဦးပိုင်အမှတ်–၂၀(ခ)၊ ဧရိယာ ၀ ဒသမ ၉၁ ဧက၊ ဦးပိုင်အမှတ်–၂၁၊ ဧရိယာ၁ ဒသမ ၈၃ဧက၊ ဦးပိုင်အမှတ်–၂၂၊ ဧရိယာ ၁ ဒသမ ၈၃ဧက၊ ဦးပိုင်အမှတ်–၂၃၊ ဧရိယာ ၁ ဒသမ ၈၃ ဧက၊ ဦးပိုင်အမှတ်–၂၄၊ ဧရိယာ၁ ဒသမ ၈၃ဧကရှိမြေကွက်များ၊ အထူးဆိပ်မြို့သစ်စီမံကိန်းနှင့် အဏ္ဏဝါစိုးအိမ်ရာစီမံကိန်း(၁)၊ (၂)ရှိမြေကွက်များ၊ ဦးချစ်ဖေ(ခ)ဦးစောဂျက်နှင့် အဏ္ဏဝါစိုး အမည်ဖြင့် ရရှိထားသောမြေကွက်များနှင့် ၎င်းပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့်၊မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ကွင်း/အကွက် အမှတ်–၆(c)၊ ကန်ဖျား၊ ဦးပိုင်အမှတ်– က/၂+က/၃+၄၊ ဧရိယာ၀ ဒသမ ၂၈၃+၀ ဒသမ ၃၅၂+၀ ဒသမ ၂၆၁မြေကွက်များ၏ ပိုင်ဆိုင် အကျိုးခံစားခွင့်နှင့် ပတ်သက်၍ လျှောက်ထားသူအား အမွေထိန်း လက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့်ဒေါ်ခင်စိုးမှ အမွေဆက်ခံခြင်း ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသောကြောင့် ကွယ်လွန်သူ ဦးစောဂျက်(ခ) ဦးချစ်ဖေ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်သည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ ရက်)တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်ရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံရေးအက်ဥပဒေနှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ကြည့်ရှုခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်မှ အမွေထိန်းလက်မှတ် လျှောက်လွှာပေါ်တွင် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအတွက် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၁၇ ရက်တွင် ကြော်ငြာစာအား ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး )**
**ခရိုင်တရားသူကြီး**
**မြိတ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ညောင်ဦးမြို့နယ်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၄

မခိုင်ခင်သန်း **နှင့်** ကိုဇော်မျိုးထက်(ခ)ငပြူး

**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ စက်မှုဇုန်(၈)လမ်း၊ အနောက်ဘက်ခြမ်းနေတရားပြိုင် ကိုဇော်မျိုးထက်(ခ)ငပြူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမခိုင်ခင်သန်းက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဧပြီ ၂၀ရက်(၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မတ်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ညောင်ဦးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၆) မီးကြာရိုးတောင်၊ ဦးပိုင်အမှတ်(၁၃၀)၊ မြေဧရိယာ(၀.၀၈၈)ကေရှိ အိမ်မြေအကျိုးခံစားခွင့် များကို မူလအမည်ပေါက်သူ ဒေါ်မြင့်မြင့်ရီ ပါ(၂)ဦးထံမှ ဒေါ်ရင်ရင်မြတ်(ခ)ယဉ်ယဉ်မြတ်က အိမ်မြေအရောင်းအဝယ်စာချုပ်အမှတ်(၆၀/၂၀၂၁)ဖြင့် ဝယ်ယူခဲ့ပြီး၊ ဒေါ်ရင်ရင်မြတ်(ခ)ယဉ်ယဉ်မြတ်ထံမှ နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အမှတ် (၃၁၇/၂၀၂၂)ဖြင့် ပြန်လည်ဝယ်ယူခဲ့သူ ဒေါ်ဝမ်ဆုံလန့်(ခ)ဝမ်စုံလန့် ၁/မမန(နိုင်)၀၀၀၀၄၅ က ဂရန်အမည်ပြောင်း သက်တမ်းတိုးပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစီးဌာန**

## စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်းအမှတ်(၈၁၀)၊ ရွှေသမားရပ်ကွက်ရှိ ဦးပိုင်အမှတ်-၁၃၈(ဌ)၊ ၁၃၈(စ) မြေကွက် ၁ ဒသမ ၆၇ ဧကနှင့် ယင်းအပေါ်ရှိ ရုံးခန်းအဆောက်အအုံ(၁၂x၈)ပေ (၅)ခန်း၊ (၁၀၀x၃၀)ပေ တစ်ထပ်နံကပ်သွပ်မိုး အဆောက်အအုံနှင့် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်းအမှတ်(၈၁၀)၊ ရွှေသမားရပ်ကွက်ရှိ ဦးပိုင် အမှတ်-၁၃၇(ခ/၂)၊ ၁၃၈/၉၊ F-၄၇၉/၅၃၄ မြေကွက် (မြေသားချည်း) ၀ ဒသမ ၉၁ ဧကတို့အား အိတ်ပိတ် လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၂၂-၃-၂၀၂၃ရက်မှ ၂၈-၃-၂၀၂၃ရက်အထိ |
| **အိတ်ပိတ်လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** | - | ၂၈-၃-၂၀၂၃ရက်၊ (၁၆:၀၀)နာရီ |
| **အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်း စုချုပ်ရုံး၊ ရွှေသမားရပ်ကွက်၊ စစ်ကိုင်းမြို့ |

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး၊ အိတ်ပိတ်လေလံဈေးနှုန်း တင်သွင်းလွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့်အထောက်အထားမိတ္တူနှင့်အတူ အိတ်ပိတ်လေလံ လျှောက်လွှာပိတ်သိမ်းမည့်ရက် ၂၈-၃-၂၀၂၃ရက်၊ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံးသို့ ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ပိတ်လေလံ လျှောက်လွှာပိတ်သိမ်းပြီး နောက်တစ်နေ့ ၂၉-၃-၂၀၂၃ ရက်၊ (၁၀:၀၀)နာရီတွင် အိတ်ပိတ်လေလံဖွင့်လှစ်ရောင်းချခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဆက်သွယ်ရန်ဖုန်း -၀၉-၉၆၃၇၇၆၇၇၇၊ ၀၉-၄၀၁၅၄၁၅၈၇၊ ၀၉-၄၀၀၅၃၁၉၀၆**

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၈၀၉/ အိုးဘို)၊ မြေကွက်အမှတ်(F၃၂၄/၄၃၄)၊ မြေဧရိယာ ၀ ဒသမ ၃၂၃ဧကရှိမြေသည် ဦးဝင်းတင့်၊ ဒေါ်နုနုရီ၊ ဒေါ်ဌေးဌေးရီတို့အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No.၆၄/V of 2022-2023 (30 Years)နှင့် မြေငှားဂရန်သက်တမ်းမှာ ၁၁-၁၁-၂၀၁၃မှ ၁၀-၁၁-၂၀၄၃ရက်ထိဖြစ်ကြောင်း၊ အဆိုပါမြေကွက် ဦးဝင်းတင့်ပါ ၃ ဦးမှ ဦးဝင်းမြင့်(ဘ)ဦးပေါရှိ ၉/မနတ(နိုင်)၀၁၉၈၉၂သို့ ၂၀-၁၂-၂၀၂၂ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားပြီး မှတ်ပုံတင်ထားကြောင်း၊ ၁၇-၁-၂၀၂၃ရက်တွင် ဦးဝင်းတင့်ပါ(၃)ဦးကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းမြင့်မှ လက်မှတ်ရေးထိုး၍ ဦးတင်ထွန်းဦး(ဘ)ဦးထွန်းကြည် ၅/ရဘန(နိုင်)၁၂၆၁၀၁နှင့် ဒေါ်ချမ်းမြေ့စုလှိုင်(ဘ)ဦးသန်းမြင့် ၅/ရဘန(နိုင်)၁၄၂၅၄၂ တို့အား မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရောင်းချ၍ ၂၄-၁-၂၀၂၃ ရက်တွင် စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူများဖြစ်သည့် ဦးတင်ထွန်းဦး- ဒေါ်ချမ်းမြေ့စုလှိုင်တို့အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန် အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကြော်ငြာစာ

## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ -၂၈၃ )

## မရမ်းကုန်းခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၈

**(ကွယ်လွန်သူ ဦးညိုမင်းဦး၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)**

| | |
|---|---|
| **ဒေါ်တင်နွယ်ဝင်း** | **လျှောက်ထားသူ** |

(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲထွန်း)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်-၂၄(အေ)၊ ဦးကျော်လှလမ်း၊ (၇)ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညိုမင်းဦး၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါသည့်အကြောင်းနှင့် ဒေါ်တင်နွယ်ဝင်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဧပြီ ၂၁ ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၃ ရက်) နံနက် ၁၀:၃၀ နာရီ တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညိုမင်းဦး ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ဤအမှုကို ၂၀၂၃ ခုနှစ် ဧပြီ ၂၁ ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၃ ရက်) နံနက် ၁၀:၃၀ နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်တင်နွယ်ဝင်း ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် မတ် ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုပညာပေးရေးဌာနခွဲ
## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) (အမှတ်စဉ်-၇)
## သင်တန်းသားများခေါ်ယူခြင်း

| | | | |
|---|---|---|---|
| (က) | **သင်တန်းကာလ** | - | ၂၀၂၃ခုနှစ် ဧပြီလ ပထမပတ်မှ (၄)လကြာသင်တန်း |
| (ခ) | **သင်ကြားမည့်နေ့ရက်များ** | - | ရက်သတ္တပတ်တွင် ၂ ရက်၊ (စနေ၊ တနင်္ဂနွေ) |
| (ဂ) | **သင်တန်းအချိန်** | - | နံနက် ၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ |
| (ဃ) | **သင်တန်းသားဦးရေ** | - | (၇၀)ဦးမှ (၉၀)ဦးထိ |
| (င) | **သင်တန်းတည်နေရာ** | - | ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်(၂၂၈/၂၄၀)ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (စ) | **သင်တန်းဝင်ခွင့် လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက် စာတမ်းများ** | - | ဓာတ်ပုံ ၁လက်မပတ်လည် (၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အထက်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ |
| (ဆ) | **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၁-၂၅၀၈၇၁၊ ၀၁-၃၇၈၇၉၈ |

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်)တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရန်ဖြစ်ပါသည်။

**ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)**

## ကန်ထရိုက်တာ ဒေါ်သန္တာဦး (၁၂/လမန(နိုင်)၁၀၅၉၄၄) နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၃-ရပ်ကွက်၊ ရဲရန်အောင်လမ်း၊ အမှတ်-၇၇ နေ ဒေါ်ချစ်ရင် (၁၂/မရက(နိုင်)၀၉၀၄၈၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်သန္တာဦးတို့သည် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် အထက်လိပ်စာပါ အကျယ်အဝန်း (၂၄ပေx၃၂ပေ) - (၁၅ပေx၁၈ပေ) ရှိ မြေကွက်ပေါ်တွင် (၅)ထပ်၊ Hall တိုက်သစ် တစ်လုံးဆောက်လုပ်ရန် (၁၈. ၁၁. ၂၀၂၁)ရက်နေ့တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ သဘောတူ ဝန်ခံကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းအပ်နှံခဲ့ရာ ကန်ထရိုက်တာဒေါ်သန္တာဦးသည် တိုက်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းကို စာချုပ်ပါအတိုင်း လုပ်ငန်းပြီးစီးအောင် ဆောက်လုပ်ပေးခြင်းမရှိဘဲ မြေကျင်းတူးဖောင်ဒေးရှင်းချသည့်အဆင့်သာ လုပ်ဆောင်ခဲ့ပြီး ဆက်လက်ဆောက်လုပ်ခြင်းမရှိသည်မှာ ယနေ့ထိတိုင်ရှိပြီးဖြစ်ပါသည်။

ဒေါ်သန္တာဦးသည် စာချုပ်ပါအပိုဒ်-၁၂ အရ (၁၄)လအတွင်း လုပ်ငန်းပြီးစီးအောင်နှင့်မပြီးပါက မြေရှင်အား နစ်နာကြေးငွေပေးရန် ဖြစ်သော်လည်း မပေးဘဲ ပျက်ကွက်ခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ နှင့် ဒေါ်သန္တာဦးတို့ ချုပ်ဆိုခဲ့သော (၁၈. ၁၁. ၂၀၂၁)ရက်စွဲပါ စာချုပ်မှာ အလိုအလျောက် ပျက်ပြယ်သွားပြီဖြစ်ပါသည်။ ဒေါ်သန္တာဦးထံမှ ကြိုပွဲ့ငံ့စနစ်ဖြင့် တိုက်ခန်းဝယ်ယူထားသူများရှိပါက ကန်ထရိုက်တာ ဒေါ်သန္တာဦးနှင့်သာ သက်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်ချစ်ရင် (မြေရှင်)မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးလှဝင်း (ဥပဒေဘွဲ့)တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄)
Ph: 095119961, 09 795875033
အမှတ် - ၁၆၂၀/က၊ ဦးမင်းလမ်း၊ ၄၂/ရပ်ကွက်၊ မ/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

## ဒေါ်အိမျိုးနှင့်အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးတင်ဝင်းနိုင် ၁၂/မဂဒ(နိုင်)၁၁၃၇၉၉ အမှတ်(၁၇၅)၊ ဂျိုးဖြူ(၁)လမ်း ၊အပိုင်(၁၀)၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အိမျိုး ၁၂/မဂဒ(နိုင်)၁၂၄၈၉၉ နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့်ဒေါ်အိမျိုးတို့သည်(၁၈-၁၀-၂၀၁၁)ရက်မှ စတင်၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး ယနေ့အချိန်အထိ အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲ ထားခြင်းမရှိပါ။ ဒေါ်အိမျိုးအနေဖြင့် ၂၀၂၁ခုနှစ် ဇွန် ၁ ရက် တွင်၎င်း၏မိခင်ဖြစ်သူနေအိမ်သို့ အလည်အပတ်သွားရောက်မည်ဟု ပြောဆိုထွက်ခွာသွားပြီးနောက် ယနေ့ချိန်ထိခင်ပွန်းဖြစ်သူနေထိုင်ရာ နေအိမ်သို့ ပြန်လာခဲ့ခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေမှဇနီးဖြစ်သူအား နေအိမ်သို့ပြန်လာရန် အကြိမ်ကြိမ်ဆက်သွယ်ခေါ်ယူခဲ့သော်လည်း အကြောင်းပြချက်ခိုင်ခိုင်မာမာမရှိဘဲ နေအိမ်သို့ပြန်လာခဲ့ခြင်းမရှိသည်မှာ ယနေ့ချိန်ထိ ဖြစ်ပါသည်။ ထိုသို့ ခင်ပွန်းဖြစ်သူအပေါ် ဒေါ်အိမျိုးအနေဖြင့် မယားဝတ္တရားကျေပွန်ခြင်းမရှိဘဲ အဆက်သွယ်မပြုနေထိုင်နေသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် အသိအမှတ်မပြု လက်မခံနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ထွေး**
**LL.B, D.B.L, Dip in Eng**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၈၀၄၅/၆-၃-၂၀၁၂ )**
**အမှတ်(၅)၊ (၁)လမ်း၊ အိမ်ခြေ(၁၀၀) ပလရ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၄၃၀၂၀၅၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၉)လမ်း၊ အမှတ်(၆၂)ရှိ သုံးလွှာ ခေါင်းရင်းခန်း (၁၂ပေခွဲx၅၀ပေ)ရှိ ဒေါ်ခင်ခင်မြင့် (ခ) LIM GIOK SONG ၁၂/လသန(ပြု) ၀၀၀၀၇၀ (ကွယ်လွန်) အမည်ဖြင့် တည်ရှိသော အခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ LIM GIOK HAR (ခ)ရီဟာ ၁၂/လသန(ဧည့်)၀၀၁၁၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L,D.I.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ခင်တဲအုပ်စု၊ ကျောင်းကုန်းကျေးရွာ၊ မောင်းတိုင်(၂)သီရိရပ်၊ အိမ်အမှတ်(၁၇၇)ရှိ ဦးမိုးမင်းဝင်း(၈/မသန(နိုင်)၀၆၆၁၁၀)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်အဝေးပြေး လမ်းမကြီး၊ ရွှေသံလွင်စက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်(၃၈)ရှိ Win Progress Co., Ltd. နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ အခန်းအမှတ်(၄၀၂)၊ (၄)လွှာရှိ Win Progress Services Co., Ltd. ဖြစ်သော ကျွန်ုပ်မိတ်ဆွေကုမ္ပဏီများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးမိုးမင်းဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမိုးမင်းဝင်းသည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီများထံမှ (၁၃-၆-၂၀၁၉)ရက်နေ့စွဲပါ အငှားဝယ် အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့် ISUZU Car အရောင်းအဝယ်ကတိပြုစာချုပ်အမှတ်(WF/HP-101/2019-2020)ဖြင့် Brand New ISUZU Extended Cab (1)Unit ကို USD-32137 ဖြင့် အရစ်ကျပေးချေခြင်း အကြွေးစနစ်အရ ဝယ်ယူသွားပြီး (6Q-2597) ISUZU Car (1)Unit ကို လက်ခံရယူသွားသော်လည်း ယနေ့အချိန်အထိ (6Q-2597) ISUZU Car (1)Unit ဖိုးငွေ စုစုပေါင်း USD-44867 ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ ဤကြေညာပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း USD-44867 ကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီများထံသို့ ပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမိုးမင်းဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေကုမ္ပဏီများ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)

ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။

အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

---

**အမည်ပြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ILBCကျောင်းတွင် Grade-1 ဖြေဆိုပြီးသော ဦးနေမျိုးအောင်နှင့် ဒေါ်သီရိမွန်တို့၏သမီး မရွှန်းဝတီအောင်အား ယနေ့မှစ၍ မရွှန်းနေခြည်လင်းဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မရွှန်းနေခြည်လင်း**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၈၀၉၅၁ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/7901 Toyota Vitz SCP90, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၈/မမန(နိုင်)၁၂၉၀၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/30705 SHAYAN 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအာကာဖြိုး ၁၂/ဒဂရ(နိုင်)၀၀၈၂၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

---

**သွေးသည် အသက်**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရဲမင်းနိုင် ၁၀/မလမ(နိုင်)၂၁၄၁၅၇ နှင့် ဒေါ်စောမြတ်သူဇာ ၁၄/ဝခမ(နိုင်)၂၃၀၃၁၂ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးရဲမင်းနိုင်နှင့် ဒေါ်စောမြတ်သူဇာတို့သည် ရန်ကုန်မြို့ တရားရုံးချုပ်တွင် လက်မှတ်ထိုး၍ တရားဝင် လက်ထပ်ထားသော အကြင်လင်မယားများဖြစ်ကြပါသည်။ ယခုအချိန်တွင် မသမာသော လူတစ်စုမှ လူမှုကွန်ရက် အင်တာနက်ပေါ်တွင် ဖေ့ဘုတ်ခ် အကောင့်များမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေများ၏ဓာတ်ပုံများနှင့် ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများ၊ မဟုတ်မမှန်သော အရေးအသားများကို ခွင့်ပြုချက်မရှိဘဲ၊ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်လိုသော သဘောဖြင့် Facebook account နှင့် Tit Tok account များတွင် ရေးသားဖြန့်ဝေခဲ့သည်ကိုတွေ့ရှိရပါသည်။ ထို့အပြင်ဂုဏ်သိက္ခာကျဆင်းစေလိုသော ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူများ၏ Facebook account တို့တွင်လည်းမဟုတ်မမှန်သော အရေးအသားများရေးသား၍ ကျွန်ုပ်မိတ်ဆွေများ၏ ဖုန်းများကိုလည်းခေါ်ဆိုပြီး ရုတ်ရင်းကြမ်းတမ်းသော စကားလုံးများဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူများကို ပြုလုပ်နေကြပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ လူမှုကွန်ရက်အင်တာနက်တွင်ဖြန့်ဝေခဲ့သော မှတ်တမ်းများကို ပြန်လည်ဖျက်သိမ်းပေးကြပါရန်နှင့် နောက်နောင်တွင်လည်း ကျွန်ုပ်မိတ်ဆွေများ၏ ဓာတ်ပုံများနှင့် ၎င်းတို့၏ကိုယ်ရေးကိုယ်တာအကြောင်းအရာများကို ကာယကံရှင်များ၏ ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း၊ ရေးသားခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ထိုသို့ ပြုလုပ်သည်ကို ထပ်မံတွေ့ရှိရပါက တရားဥပဒေအရ ခိုင်လုံသော သက်သေအထောက်အထားတို့နှင့်အတူ အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးရဲမင်းနိုင်နှင့် ဒေါ်စောမြတ်သူဇာတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

---

## ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ

**B.N.SC(Generic)၊ 9th batch(YGN)**

**အသက်(၄၀)နှစ်**

စစ်တွေမြို့နေ ဦးစောထွန်းဖြူ-ဒေါ်နုစိန်တို့၏တူမ၊ ရန်ကုန်မြို့နေ (ဦးစံအေးကျော်)-ဒေါ်ခင်ထွေးမူ တို့၏သမီးကြီး၊ ဦးတင်လှိုင်-ဒေါ်ဖြူနှင်းအေး၊ ဒေါ်ဖြူငြိမ်းအေးတို့၏ အစ်မ၊ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ(ဝန်ကြီးရုံးတွဲဖက်)ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး ၏ ချစ်လှစွာသောဇနီး၊ မအိကြယ်စင်စိုး၊ မအိရွှေစင်စိုး၊ မသွန်းလဲ့ရတီစိုးတို့၏မွေးသမိခင် ကျေးဇူးရှင်သည် ၂၁-၃-၂၀၂၃ရက်(အင်္ဂါနေ့)နံနက် ၉:၃၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၂၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂:၃၀နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေပြည်တော်၊ ခရေအိမ်ရာ၊ တိုက်အမှတ် ၁၄၇၊ အခန်း ၁၁ နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ

**B.N.SC (Generic)၊ 9th batch(YGN)**

**အသက်(၄၀)နှစ်**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ (ဝန်ကြီးရုံးတွဲဖက်) ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုး၏ ချစ်လှစွာသောဇနီး၊ မအိကြယ်စင်စိုး၊ မအိရွှေစင်စိုး၊ မသွန်းလဲ့ရတီစိုးတို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ သည် ၂၁-၃-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊**
**ကုသရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြိတ်မြို့၊ အမှတ်(၈)၊ အဓိပတိလမ်း၊ မြို့မ(၂)ရပ်ကွက်နေ၊ ဦးတင်ထွေး ၆/မမန(နိုင်)၁၆၃၇၀၈နှင့် ဒေါ်မြင့်မြင့်ကြူတို့ပိုင်ဆိုင်သည့် ဦးပိုင်အမှတ် ၉/၅၁၊ ရေယာ ၀ ဒသမ ၅၅အနက်မှ အနံ ၂၀xအလျား ၆၀ရှိမြေကွက်အား ဦးစည်သူထွန်းနှင့် ဒေါ်အိအိခိုင်တို့က အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်ဝယ်ယူမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ဖော်ပြပါရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူထွန်း**
**၁၂/ဒဂတ(နိုင်)၀၇၇၃၃၂**
**ဖုန်း-၀၉-၉၇၆၆၇၅၆၆၀**

---

## အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အကွက်အမှတ်(၆၃-ဘိုကုန်း)၊ ဦးပိုင်အမှတ်(၂၆/ဃ)၊ မြေဧရိယာ၀ ဒသမ ၀၅၉ ဧကရှိ ဘိုးဘပိုင်မြေကွက်အား ဦးမိုးကျော်၊ ဦးချန်စိန်၊ ဒေါက်တာခင်မောင်မြင့်၊ ဦးခင်ဝေတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၉၁/၂၀၁၉ဖြင့် ဦးကျော်ကျော်မြင့်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၇၅/ဘိုးဘ/၂၀၂၃-၂၀၂၄ အရ မူလအမည်ပေါက်သူ ဦးယုရှိန်၊ဒေါ်ရင်ဆန်းတို့အမည်မှ ဦးကျော်ကျော်မြင့်၏ အမည်သို့ အမည်ပြောင်းလဲခွင့်လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက် အမည်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် ၆၂၉၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်နန်းခင်မာကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်မောင်အေး(ဘ)ဦးမြင့်သိန်း ၉/စကန(နိုင်)၀၅၅၅၃၀ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခင်မျိုးနွယ် (ဘ)ဦးစိန်လှ ၉/မနမ(နိုင်)၁၀၁၀၀၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ

**B.N.SC (Generic)၊ 9th batch (YGN)**

**အသက်(၄၀)နှစ်**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ(ဝန်ကြီးရုံးတွဲဖက်) ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုး၏ ချစ်လှစွာသောဇနီး၊ မအိကြယ်စင်စိုး၊ မအိရွှေစင်စိုး၊ မသွန်းလဲ့ရတီစိုး တို့၏မွေးသမိခင် ကျေးဇူးရှင် ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ သည် ၂၁-၃-၂၀၂၃ရက်(အင်္ဂါနေ့)နံနက် ၉:၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## မောင်ဝင့်မိုးအောင်

**ဆေးပညာပထမနှစ်သင်တန်း(Medical Year-1)**

**(၁/၂၀၂၃)သင်တန်း**

**အသက် (၂၁)နှစ်**

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဆေးပညာပထမနှစ်သင်တန်း (Medical Year-1) (၁/၂၀၂၃) သင်တန်းသားဖြစ်သူ မောင်ဝင့်မိုးအောင် သည် ၂၀-၃-၂၀၂၃ရက်(တနင်္လာနေ့) ညနေ ၁၈:၅၅နာရီခန့်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၁၅၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးမျိုးတင့်ထွန်း အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သက်ယမုံစံ ၉/ဇယသ(နိုင်)၀၂၂၆၃၉မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ ဗိုလ်စောပုလမ်း၊ အမှတ်(၇၆)ရှိ ၂ခန်းတွဲ(၆)ထပ်တိုက်မှ၊ ၆-လွှာ၊ အခန်းအမှတ်(A)၊ အကျယ်အဝန်း(၁၂၁/၂'x ၇၀')တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဇင်အောင်မှ ဝယ်ယူပြီးဖြစ်ပါသည်။ ဤဝယ်ယူစဉ်ကရရှိခဲ့သော ကနဦးဝယ်ယူသူ ဦးနေပိုင်စိုးနှင့် ကန်ထရိုက်တာ ဦးအောင်သန်းမြင့်တို့၏ တိုက်ခန်း အရောင်းအဝယ်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်ဇင်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ(BA,HGP, RL)**
**အထက်တန်းရှေ့နေ(စဉ်-၁၆၄၂၀)**
**တိုက်(၃၅)၊ အခန်း(၅)၊ ဝေဠုဝန်အိမ်ရာ၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၂၇၂၀၂၁၃**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/4850 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၄)၊ ဦးပိုင်အမှတ်(၄၂၂/c)၊ မြေဧရိယာ၀ ဒသမ ၀၆၄ ဧကရှိမြေကွက်သည် မူလက ဦးသန်းမောင်အမည်ဖြင့် အမှုတွဲအမှတ် ၃၆၂/V ၂၀၂၀-၂၀၂၁ အရ (၉-၇-၂၀၅၀)ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးသန်းမောင်က(၁၀-၂-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၆၁/၂၀၂၃) အရ ဦးဇော်မိုင် ၁/ဝမန(နိုင်)၀၈၈၁၂၁ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသဖြင့် ယခုအခါ ဦးဇော်မိုင်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးအုန်းသွင်(ငြိမ်း)**

**ကချင်ပြည်နယ် စည်ပင်သာယာရေး ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့**

**အသက်(၆၈)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ ဗိုလ်မှူးအုန်းသွင်(ငြိမ်း) အသက်(၆၈)နှစ်သည် ၂၁-၃-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီ ၂၈ မိနစ်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူး အုန်းသွင်(အငြိမ်းစား)**

**အသက်(၆၈)နှစ်**

ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးအုန်းသွင်(အငြိမ်းစား)သည် ၂၁-၃-၂၀၂၃ရက်(အင်္ဂါနေ့)နံနက် ၉:၂၈နာရီတွင် နေပြည်တော်၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူး အုန်းသွင်(အငြိမ်းစား)**

**အသက်(၆၈)နှစ်**

ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးအုန်းသွင်(အငြိမ်းစား) သည် ၂၁-၃-၂၀၂၃ရက်(အင်္ဂါနေ့)နံနက် ၉:၂၈နာရီတွင် နေပြည်တော်၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးအုန်းသွင်**

**ကချင်ပြည်နယ်စည်ပင်သာယာရေးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့**

**အသက်(၆၈)နှစ်**

မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်နေ (ဦးမောင်ကို-ဒေါ်သန်းတင့်) တို့၏ စတုတ္ထမြောက်သား၊ ဒေါ်မာလာသန်း၏ ခင်ပွန်း ဗိုလ်မှူးအုန်းသွင်(ငြိမ်း) အသက်(၆၈)နှစ်သည် ၂၁-၃-၂၀၂၃ရက် နံနက် ၉:၂၈နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဒဂုံတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနတွင် ပါမောက္ခ(ဌာနမှူး)အဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော ဆရာမကြီး ဒေါ်စိန်စိန်မြင့်သည် ၁၇-၃-၂၀၂၃ရက် ညနေ ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ဒဂုံတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမိသားစုမှ ဆရာမကြီး၏မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)**

**တွဲဖက်ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ**

**အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ**

**B.N.Sc(Generic)9th batch (UON-Ygn)**

**အသက်(၄၀)နှစ်**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ(ဝန်ကြီးရုံးတွဲဖက်) ညွှန်ကြားရေးမှူး၊ ဒေါက်တာသန်းနိုင်စိုး၏ ချစ်လှစွာသောဇနီး၊ မအိကြယ်စင်စိုး၊ မအိရွှေစင်စိုး၊ မသွန်းလဲ့ရတီစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ဖြူဝင်းအေး(ခ)ဒေါ်ဖြူမေ အသက်(၄၀)နှစ်သည် ၂၁-၃-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၉:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများအားလုံး**

**ကျန်းမာရေးလှူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဝဏ္ဏကျော်ထင် ဦးကိုကိုနိုင်**

**သံအမတ်ကြီး**

**အသက်(၆၂)နှစ်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးကိုကိုနိုင် သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် ၁၂:၄၅ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ**

**သူငယ်ချင်းများနှင့် မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ**

**မြန်မာသံအမတ်ကြီး**

**ဦးကိုကိုနိုင်**

**အသက် (၆၂)နှစ်**

မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့တွင် တာဝန်ထမ်းဆောင်နေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် ၁၂:၄၅ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Siriraj Piyamaharajkarun ဆေးရုံတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်သံမှူး ဗိုလ်မှူးချုပ် ခင်မောင်စိုး၊ ဇနီး ဒေါ်တင်စန္ဒီအေးနှင့်**

**လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံး မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ**

**မြန်မာသံအမတ်ကြီး**

**ဦးကိုကိုနိုင်**

**အသက် (၆၂)နှစ်**

မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့တွင် တာဝန်ထမ်းဆောင်နေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် ၁၂:၄၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Siriraj Piyamaharaj-karun ဆေးရုံတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့မှ ဝန်ထမ်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဝဏ္ဏကျော်ထင် ဦးကိုကိုနိုင်**

**သံအမတ်ကြီး**

**အသက် (၆၂)နှစ်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးကိုကိုနိုင်သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် ၁၂:၄၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**

**သံတမန်ရေးရာဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဝဏ္ဏကျော်ထင် ဦးကိုကိုနိုင်**

**သံအမတ်ကြီး**

**အသက် (၆၂)နှစ်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးကိုကိုနိုင်သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် ၁၂:၄၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံရုံးယာယီတာဝန်ခံနှင့် သံရုံးဝန်ထမ်းများ**

**မြန်မာသံရုံး၊ ကင်ဘာရာမြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်ကြီးသန်းမြင့်ကျော်(ငြိမ်း)**

**ကြည်-၂၂၁၉၅၊ ဗသက(၈၀) စည်သူတပ်ခွဲ**

**အသက်(၆၄)နှစ်**

ပြင်ဦးလွင်မြို့နေ ဗိုလ်ကြီးသန်းမြင့်ကျော် (ငြိမ်း)သည် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ၂၀-၃-၂၀၂၃ ရက်တွင် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) ပြင်ဦးလွင်မြို့၌ ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာ သုဂတိလားပါစေ..

**ဗသက(၈၀) စည်သူတပ်ခွဲ**

**ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

---

**ဗိုလ်မှူး အုန်းသွင်(ငြိမ်း) (DSA-19 Intake)**

**ကချင်ပြည်နယ်စည်ပင်သာယာရေးညွှန်ကြားရေးမှူး(ငြိမ်း)**

**ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့**

**အသက်(၆၈)နှစ်**

မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်နေ (ဦးမောင်ကို-ဒေါ်သန်းတင့်)တို့၏ စတုတ္ထမြောက်သား၊ (ဦးစိုးတင့်)- ဒေါ်မြင့်မြင့်စန်း၊ ဦးလှရွှေ-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးတင်ယု-ဒေါ်သန်းသန်းနွယ်)တို့၏ ညီ/မောင်၊ ဦးသန်းစိုး-ဒေါ်မာလာထွေးတို့၏အစ်ကို၊ ဒေါ်မာလာသန်း၏ခင်ပွန်း၊ ကိုသီဟသွင်၊ ဗိုလ်မှူးအောင်ကျော်ဟိန်း-မဟန်စုသွင်၊ ဗိုလ်မှူးရန်နိုင်ထွန်း-မဝိုင်းသီရိသွင်၊ ကိုကြယ်စင်ထက် (စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၊ ကချင်ပြည်နယ်)-ဒေါ်ဝေဝေအောင်တို့၏ဖခင်ကြီး၊ မောင်လင်းဘုန်းမြတ်၊ မောင်သွင်ဘုန်းနိုင်၊ မသွန်းထက်ရတီဖြိုးတို့၏အဘိုး၊ ဗိုလ်မှူးအုန်းသွင်(ငြိမ်း)သည် ၂၁-၃-၂၀၂၃ရက် နံနက် ၀၉:၂၈ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၂-၃-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်မှ နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဒေါ်မိုးမိုးကျော်(ခ)မဘုတ်(ခ)ဒေါ်တင်တင်အေး**

**စိန်ကမ္ဘာတိုက်**

**အသက်(၆၄)နှစ်**

စိန်ရတနာရောင်းဝယ်ရေး ဘုရား၊ သံဃာတို့၏ ပစ္စည်း (၄)ပါး ဒါယကာကြီး ဦးဘိုကျော်-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်မြင့်တို့၏ သမီးထွေး၊ ဦးအေးမောင်-ဒေါ်နီနီ(စိန်စမွယ်ဖူး စိန်တိုက်)၊ (ဦးဆန်းဝင်း-ဒေါ်ခင်အေး)၊ ဦးထွန်းထွန်းဦး-သီဟသုဓမ္မသိင်္ဂီ ဒေါ်မာမာ(Jewel Rock စိန်တိုက်)၊ ဒေါက်တာ ခင်မောင်ဝင်း-ဒေါက်တာ ဒေါ်ဝေဝေ(Diamond Land စိန်တိုက်)၊(ဦးဝင်းနိုင်)-ဒေါ်စမ်းစမ်းနွဲ့(Win & San စိန်တိုက်)တို့၏ညီမ၊ (ဦးကိုကိုထွေး)စိန်ကုန်သည်၏ အစ်မ၊ မန္တလေးမြို့၊ မြောက်ပြင်ထားဝယ်ရပ်နေ ဒေါ်မိုးမိုးကျော်(ခ)မဘုတ်(ခ) ဒေါ်တင်တင်အေး စိန်ကမ္ဘာတိုက် သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၁၂:၀၉နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**မောင်ဝင့်မိုးအောင်**

**၁၂/၂၀၁၉ Batch, Medical Year**

**ဆေးတက္ကသိုလ်(၁) ရန်ကုန်**

**အသက်(၂၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အိမ်အမှတ်(၄၆)နေ (ဦးဘကြည်)-ဒေါ်လှကြည်၊ (ဦးမောင်မောင်ထွေး-ဒေါ်ခင်မမ)တို့၏ မြေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်-ဒေါ်ခင်ဝင်းထွေးတို့၏ ချစ်လှစွာသောသား၊ ဗိုလ်ကြီးရဲနိုင်ဦး-ဒေါ်မြတ်နိုးခင်ခင်တို့၏ မောင်၊ ကိုမင်းခန့်ကိုကို၏ ညီသည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၆:၅၅ နာရီတွင်ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**မောင်ဝင့်မိုးအောင်**

**၁၂/၂၀၁၉ Batch, Medical Year**

**ဆေးတက္ကသိုလ် (၁) ရန်ကုန်**

**အသက် (၂၁)နှစ်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်နှင့် ဒေါ်ခင်ဝင်းထွေးတို့၏ ချစ်လှစွာသောသား မောင်ဝင့်မိုးအောင် အသက် (၂၁)နှစ်သည် ၂၀-၃-၂၀၂၃ရက် ညနေ ၆:၅၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

**စားသုံးသူရေးရာဦးစီးဌာန**

---

**ဒေါ်စိန်စိန်လွင်**

**စာကြည့်တိုက်နှင့် သုတပညာဌာန၊ ကထိက(ငြိမ်း)**

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဇေယျာဝတီ(ဗဟိုလမ်း)၊ အမှတ် ၄၆/၄၈နေ (ဦးထွန်းလွင်-ဒေါ်ခင်မမကြီး) တို့၏ သမီးငယ်၊ ချင်းချောင်းရိပ်သာနေ (ဦးကြိုင်-ဒေါ်အေး)တို့၏ သမီးချွေးမ၊ ဦးကောင်းထက်-ဒေါ်နှင်းအေးကြည်၊ ဦးမင်းခန့်-ဒေါ်နီလာဝင်းတို့၏မွေးသမိခင်၊ မဆောင်းနှင်းထက်၊ မနှင်းထက်အေး၊ မောင်ဇေယျာဝင်းခန့်တို့၏အဘွား၊ ဦးအေးသိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ သမဝါယမ-ငြိမ်း)၏ဇနီး၊ ဒေါ်စိန်စိန်လွင်(ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ကထိက-ငြိမ်း)သည် ၂၀-၃-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၉:၄၅နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၂၃ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 60W/36186 ယာဉ်လက်ဝယ်ရှိသူ SAN MYAT ZAW CO.,LTDက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 48W/29699, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးခိုင် ၉/အမရ(နိုင်)၁၀၅၈၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 61W/16388, Yamaha FZN-150 ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

❖ မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည်ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၂/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲ အားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကိုယနေ့နံနက် ၆ နာရီက ပြည်သူ့ရင်ပြင်ရှေ့၌ကျင်းပရာ စက်ဘီးအားကစားသမားများ ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ (ယာပုံ)

ယင်းပြိုင်ပွဲတွင် Mountain Bike ၊ Road Bike စက်ဘီးပြိုင်ပွဲများကို အမျိုးသား အားကစားသမားများအား ထောက်ကြန့်မှစတင်၍ လည်းကောင်း၊ Road Bike စက်ဘီးပြိုင်ပွဲကို အမျိုးသမီး အားကစားသမားများအား မြောက်ဥက္ကလာပ ကျောက်ရေတွင်းကွေ့မှ စတင်၍ လည်းကောင်း တာလွှတ်ပေးကြပြီး ပြည်သူ့ရင်ပြင်ရှေ့သို့ ပန်းဝင်ခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆





မြန်မာအမျိုးသမီးအသင်း အနိုင်ရပြီးနောက် အောင်ပွဲခံနေစဉ်။

## Jenesys U-17 Women's Football Memorial Cup ပြိုင်ပွဲ အဆင့် ၅ နေရာလုပွဲတွင် မြန်မာအသင်း အနိုင်ရရှိ

ရန်ကုန် မတ် ၂၁

Jenesys U–17 Women's Football Memorial Cup ပြိုင်ပွဲ နောက်ဆုံးနေ့ကို မတ် ၂၁ ရက်က ဂျပန်နိုင်ငံ အိုကီနာဝါမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိပြီး အဆင့် ၅ နေရာရရှိခဲ့သည်။

မြန်မာအသင်းသည် အဆင့် ၅ နေရာလုပွဲအဖြစ် ဂျပန်ကလပ် အိုကီနာဝါအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၁၀ ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းတွင် ရှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု ဒုတိယနေရာသာရခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့်လွဲချော်ခဲ့ပြီး အခြားအဆင့်

*စာမျက်နှာ ၈ ကော်လံ ၅* ❒

ယနေ့ သတင်းအညွှန်း

ထိုင်းနိုင်ငံ၌ မေ ၁၄ ရက်တွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ထား
နိုင်ငံတကာသတင်း စာ ၁၃

နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပြိုင်ပွဲ Hero Tri Nation International Football Tournament ဘောလုံးပြိုင်ပွဲကို MRTV Sports Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်
ပြည်တွင်းသတင်း စာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ
ပြည်တွင်းသတင်း စာ ၁၆